www.burmeseclassic.com

# မြတ်ဗုဒ္ဓသာသနာ
# ပုံတော်သမိုင်း

ဆဋ္ဌမတွဲ





ဆရာဝန်တင်ရွှေ

www.burmeseclassic.com

www.burmeseclassic.com

# မြတ်ဗုဒ္ဓသာသနာ ပုံတော်သမိုင်း

## ဂျပန်နိုင်ငံ

ဆဋ္ဌမတွဲ



ဗုဒ္ဓဦးခေါင်းတော် ၁၅ ရာစုခေတ်လက်ရာ

[illegible]

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် ၄၁၅/၈၉ (၈)
မျက်နှာဖုံးခွင့်ပြုချက် ၁၅၄ / ၉၁ (၃)
ပယယမာအကြိမ်
အုပ်ရေ ၃၀၀၀ ဆဋ္ဌမတွဲ
တန်ဘိုး

မျက်နှာဖုံးပန်းချီ -ကျော်
အတွင်းရုပ်ပုံဖလင်- ကြည်မြင့် (ဆေးသုတေသန)
ရွှေရေး ၃၂ လမ်း ရန်ကုန်

ထုတ်ဝေသူ
ဒေါ်အေးသန့် (၀၂၄၈၉)
တင်ရွှေစာပေ၊
၃၉ ဦးကြွယ်ဟိုးလမ်း
ကြည့်မြင်တိုင် ရန်ကုန်
ဖုန်း ၃၁၈၅၁

ပုံနှိပ်သူ
ဒေါ်အေးသန့် (၀၄၅၉၃)
ပေါင်မွှေပုံနှိပ်လုပ်ငန်း
၃၉၊ ဦးကြွယ်ဟိုးလမ်း၊
ကြည့်မြင်တိုင်၊ ရန်ကုန်။

၁၉၉၁ ဇွန်လ

ဤ ဗုဒ္ဓဘာသာ ကျမ်းစာတွဲကို အရင်းအနှီးစိုက်ထုတ်ကာ အကောင်းဆုံး စက္ကူဖြင့် အကောင်းဆုံးဖြစ်အောင် ကြိုးစားပုံနှိပ်ထားပါသည်။ စာရှုသူတို့ ဝယ်ယူပြီး ကျေနပ်မှု မတွေ့ပါက တင်ရွှေစာပေသို့ ဆက်သွယ်ပါ။ ငွေအပြည့် ပြန်အမ်းပေးပါမည် ဟု ဂတိပြုပါသည်။

စာရေးသူပြုစုရေးသားပြီးသော စာအုပ်များမှ စာမူတို့ကို စီးပွားရေးအရမဟုတ်ပါလျှင် စာရှုသူတို့သဘောရှိ ကူးယူအသုံးပြုနိုင်ပါသည်။ ကူးယူသုံးစွဲသော စာအုပ်အမည်ကို ဖော်ပြပေးပါက ကျေးဇူးတင်ပါမည်။

[redacted]များ:

[redacted]များ:

[redacted]

www.burmeseclassic.com

## နိဒါန်း

ထရာတော်များနှင့် လူကြီးမိဘများအား ကန်တော့ရန်
ဘုရားစင်ပေါ်၌ တရိုတသေ သိမ်းထားပြီး စိတ် ကြည်လင်လိုသည့် အခါ အေးအေးဆေးဆေး ဖတ်ရှုနိုင်ရန် မြန်မြန်ဗုဒ္ဓသာသနာ့ပုံမပျက်သမိုင်းကို စာပွဲကို ရေးသားယုပ်ပေမဲ့ရာ

ပထမတွဲတွင် * ဗုဒ္ဓမတိုင်မီခေတ်က အိန္ဒိယနိုင်ငံကစပြီး မဟာဗုဒ္ဓဝင် -ရုပ်ပုံ ဓါတ်ပုံ ပန်းချီ ပန်းပု အထောက် အထားများ

ဒုတိယတွဲ၌ * ဗုဒ္ဓသာသနာ အရှေ့တော်ပုံ နိုင်ငံတကာသို့ ဗုဒ္ဓသာသနာ ပျံ့ပွားသွားပုံ

တတိယတွဲ၌ * အိန္ဒိယတိုက်ငယ် (အိန္ဒိယ၊ ပါကစ္စတန်၊ ဘင်္ဂလားဒေ့ရှ် စသည့်ဒေသများ) ၌ မြင်တွေ့ရသည့် ဗုဒ္ဓဘာသာ စေတီပုထိုးများ

စတုတ္ထတွဲ၌ * မဟာယာန ဗုဒ္ဓဘာသာနှင့် တရုတ်နိုင်ငံ

ပဥ္စမတွဲ၌ * တောင်နှင့်မြောက်ကိုရီးယားနိုင်ငံမှ ဗုဒ္ဓဘာသာစေတီပုထိုးများ ကျောင်းတိုက်ကြီးများ တို့ကို ပန်းချီ၊ ပန်းပု၊ ဓါတ်ပုံ၊ ရုပ်ပုံများဖြင့် တန်ဆာဆင်၍ ရေးသားခဲ့၏။

ယခု ဆဋ္ဌမတွဲတွင် ဂျပန်နိုင်ငံမှဗုဒ္ဓဘာသာ နှင့် ဇင်ဗုဒ္ဓဘာသာအကြောင်းကို အသေးစိတ် ဖေါ်ပြထားပါသည်။

ဆက်လက်ပြီး

သတ္တမတွဲ၌ * တိဗက်နိုင်ငံနှင့် တန္တရ ဗုဒ္ဓဘာသာ

အဋ္ဌမတွဲ၌ * နီပေါ၊ ဘူတန်၊ မွန်ဂိုးလီးယား စသည် အခြားတန္တရဗုဒ္ဓဘာသာ ထွန်းကားရာ နိုင်ငံ များ

နဝမတွဲ၌ * သီရိလင်္ကာနိုင်ငံ

ဒသမတွဲ၌ * မြန်မာနိုင်ငံ

(၁၁) တွဲ၌ * ထိုင်းနိုင်ငံ

ဒွါဒသမတွဲ၌ * ကမ္ဘောဒီးယားနှင့် လောနိုင်ငံများ

အမှတ် (၁၃) တွဲ၌* ထိုင်ဝမ်၊ မလေးရှား၊ ဟောင်ကောင်၊ ဗီယက်နမ်၊ စင်ကာပူနှင့် အင်ဒိုနီးရှားနိုင်ငံများ

အမှတ် (၁၄)တွဲ၌ * နိုင်ငံတကာ၌ ထွန်းကားနေသော ဗုဒ္ဓဘာသာ၏ ယနေ့ အသွင်

စသည် ဗုဒ္ဓဘာသာပင်ဟာစ်ဦး သိသင့်မြင်သင့်သော အချက်အလက်ကို ပြန်ပျုံပြာဖြင့် မာစီပြီး နော်ဝေးစက္ကူကောင်းပေါ် အော့ဖ်စက်နှင့်ပုံနှိပ်ကာ စာအုပ်အဖုံးပေါ် ပလပ်စတစ်လောင်းပြီး ဤစာအုပ် ပုံစံ အတိုင်း ထုတ်လုပ်သွားပါမည်။ အတွင်း၌လည်း ဆေးရောင်စုံပုံတော်လေးပုံစီကို ထည့်သွင်းပေးသွားပါမည်။

ဗုဒ္ဓဘာသာနှင့်ပတ်သက်သော ပုံတော်များကို ပြည့်စုံအောင် ကြိုးစားရေးသားထားပါသဖြင့် မူလရည် မှန်းထားသည်ထက် စာအုပ်အတွဲအရေအတွက် တိုးတက်လာရသည်ကို ခွင့်ပြုပါဟု အလေးအနက် တောင်း ပန်ပါသည်။

စာရေးသူများ

**စာရေးသူတို့သည် ဗုဒ္ဓဘာသာသာသနာကို ထွန်းလင်းတောက်ပြောင်စေလိုသော စိတ်ဆန္ဒဖြင့် ဤစာအုပ်ကို အကောင်းဆုံးဖြစ်အောင် ကြိုးစားပြုစု ပါသည်။ ငွေကုန်ကြေးကျခံ၍ ထုတ်လုပ်ပါသည်။ ဗုဒ္ဓဘာသာအကြောင်း ပြီးပြည့်စုံအောင်တတ်မြောက်၍ ရေးသားခြင်းမဟုတ်ပါ။ သို့ကြောင့် အမှားအယွင်း များ ပါရှိခဲ့ပါက ထောက်ပြကြပါ။ ပြုပြင်ပါမည် ဟု လေးစားစွာ ပန်ကြားပါသည်။**

**စာရေးသူများ**




www.burmeseclassic.com

www.burmeseclassic.com



ဂျပန်

Japan



www.burmeseclassic.com

www.burmeseclassic.com

# ဂျပန်နိုင်ငံ

ဂျပန်နိုင်ငံကို ဗုဒ္ဓဘာသာ နောက်ကျမှရောက်သည်။ တရုတ်နှင့် ကိုရီးယားနိုင်ငံများမှတစ်ဆင့် (မဟာယာနဂိုဏ်း) ဝင်လာခြင်းဖြစ်၏။ ၆ ရာစု ၇ ရာစု တွင်ရောက်သည်။ ၁၂- ၁၃ ရာစု ခေတ်ကျမှ တိုးတက်ပျံ့ပွားခဲ့သည်။

၉ ရာစုတွင် ဂျပန်ပြည်၌ **REIYUKAI** ရိုင်ယုကိုင် ခေါ် ဒေသခံဂိုဏ်းသစ် ပေါ်လာခဲ့ပြီးဖြစ်သည်။ မကြာခင် ဗုဒ္ဓဘာသာသည် ဂျပန်တို့၏ လူမှုရေးလောကတွင်းသို့ တိုးဝင်လာခဲ့သည်။ ဤသို့ ဘာသာရေးက လူမှုရေးနှင့် ရောနှောသွား၍လည်း ဂျပန်နိုင်ငံမှာ ထင်ရှားသော ဗုဒ္ဓဘာသာ နိုင်ငံတစ်နိုင်ငံ ဖြစ်လာရပါသည်။

ဂျပန်က ဗုဒ္ဓဘာသာအပေါ် အတွေးအခေါ်အားဖြင့် အတိုက်အခံမပြုပါ။ ဗုဒ္ဓဘာသာကလည်း ဘာသာရေးအဖြစ်သာမက လူမှုရေး၊ စာပေအရေးအသား၊ ဂီတ၊ လက်မှုပညာ၊ ပန်းချီပန်းပု၊ ယွန်းထည်လုပ်ငန်း၊ အဝတ်အထည်လုပ်ငန်းဆိုင်ရာ အတတ်ပညာ တို့နှင့်အတူ ပေါင်းစပ်ပြီး ဝင်လာခဲ့သဖြင့် ဂျပန်နှင့် ဗုဒ္ဓဘာသာ ခွဲမရအောင် ဒေသခံအယူဝါဒ ရှင်တို နှင့် အတူနေနိုင်ခြင်းဖြစ်သည်။

ပထမတွင် ဒေသခံ ရှင်တိုဘာသာနှင့် အတိုက်အခံ ဖြစ်တော့မလိုလို ရှိခဲ့၏။ ဒါပေမဲ့ ဗုဒ္ဓဘာသာကိုလက်ခံသော ဘုရင်အဖွဲ့က နိုင်ငံကိုအုပ်စိုးလိုက်သောအခါ ပြဿနာများ လုံးဝကင်းစင်သွားခဲ့သည်။

ဤသို့ နိုင်ငံတွင် ဗုဒ္ဓဘာသာ ပျံ့ပွားအောင် ဆောင်ရွက်ရာတွင် ပင်းသားကြီး ရှိုတိုကု **SHOTOKU** (၅၇၄–၆၂၂) ၏ စွမ်းဆောင်ချက်များက မှတ်တမ်းတင်ထားလောက်၏။

၈ ရာစုခေတ်တွင် ဂျပန်နိုင်ငံ၌ ဘုရင်ဦးဆောင်တည်ဆောက်သော ဘုရားများပေါ်လာသည်။ အထူးသဖြင့် နာရာမြို့တော်မှ **TODAIJI** တိုဒိုင်ဂျီး ရုပ်ပွားတော်မှာ ကမ္ဘာ့အကြီးဆုံးနှင့် အတင့်ရှားဆုံးဖြစ်၏။ ဗုဒ္ဓကြေးဆင်းတုတော် (**VAIROCANA**) သည် နေမင်းနှင့်ဆက်နွယ်နေသောဘုရား ဖြစ်၏။ ဂျပန်တို့သည် မူလကပင် နေမင်းနှင့် ဆက်သွယ်သူများဟု ယူဆကြသည်နှင့်အညီ နိုင်ငံနှင့် ဗုဒ္ဓဘာသာမှာ တစ်ထပ်တည်း ဖြစ်သွားခဲ့၏။

ဗုဒ္ဓဘာသာကို AD ၇၉၄ (ကျိုတိုမြို့တော် တည်ဆောက်စဉ်ကာလ) နှင့် ၁၆ ရာစုခေတ် အလယ်က စစ်လိုလားသောအဖွဲ့က ဖျက်ဆီးခဲ့သေး၏။ ဒါပေမဲ့ ပပျောက်ကွယ်ခဲ့ချေ။

ရှင်တို အယူအဆနှင့် ဗုဒ္ဓဘာသာ အပြိုင်ဖြစ်လာသေး၏။ သို့သော် ဘုရင်အမိန့်နှင့် ဗုဒ္ဓဘာသာက လွှမ်းခဲ့၏။ ၁၀ ရာစု ခေတ်တွင် **SUIJAKU** ဂိုဏ်းပေါ်လာခဲ့ပြီး ရှင်တိုမှာ ဗုဒ္ဓဘာသာဂိုဏ်းကွဲ တစ်ခုသာ ဖြစ်သည်ဟု ဆိုခဲ့ရာက အတိုက်အခံမရှိသလောက် ဖြစ်သွားခဲ့သည်။

ဂျပန်နိုင်ငံတွင် PURE LAND သုခဘုံ သန့်ရှင်းသောမြေ အယူဝါဒ က ၁၁ ရာစုခေတ် က ၁၃ ရာစုခေတ်အထိ ခေတ်စားခဲ့၏။ စိတ်စေတနာ ကောင်းမွန်လှသော အမိတာဘာဗုဒ္ဓ (ဂျပန်အလို အမိတာ AMITA BUDDHA) က ဆင်းသက်လာပြီး သေဆုံးကာနီးပုဂ္ဂိုလ်တို့၏ ဝိညာဉ်ကို ကယ်တင်ပေးမည့် အယူအဆ ဖြစ်သည်။


ဂျပန်တို့၏ NICHIREN နီချီရင်ဗုဒ္ဓဘာသာဂိုဏ်းက ရိုးရာဝလေ့ကို ဦးစားပေးသည်။ ဂျပန်ဘုန်းတော်ကြီး နီချီက တည်ထောင်သည်။ နီချီ = နေ = ဂျပန် ရင် = ကြာပန်း ကြာပန်းသုတ္တန်ကို ဦးစားပေးသော ဂိုဏ်း–က စကြာမုနိ ဘုရားရှိ၏။ ဤဘုရားကြီးက ၁၃ ရာစု ခေတ်က ဂျပန်နိုင်ငံတွင် လူသားတို့တွင် ခံစားနေရသော ပြည်တွင်းစစ် အငတ်ဘေးဒုက္ခမျိုးစုံမှ ကယ်တင်ပေးမည်ဟု ဆိုသည်။ ဒီလိုနှင့် ဂျပန်လူမျိုးတို့နှင့် ဗုဒ္ဓဘာသာသည် ပို၍ နီးကပ်စေခဲ့သည်။

ဂျပန်နိုင်ငံတွင်းရှိ ဗုဒ္ဓဘာသာဂိုဏ်းအသီးသီးအနက် ဇင် ဗုဒ္ဓဘာသာဂိုဏ်းမှာ ဘာသာရေးကိုသာမဟုတ် ပန်းအလှပြုပြင်ရေး လက်ဘက်ရည် တိုက်ပုံတိုက်နည်း ဥယျာဉ်ပြုပြင်နည်း ပန်းချီပန်းပု စသည့် စိတ်အေးငြိမ်းရာလုပ်ငန်းများနှင့် ဆက်သွယ်နေသဖြင့် ဂျပန်နိုင်ငံမှာသာမက အမေရိကန် ဥရောပနိုင်ငံအထိအောင် လူသိများလူကြိုက်များလျက်ရှိ၏။ အာရှတိုက်မှ ဇင်ဗုဒ္ဓဘာသာဝင် မှာ ကမ္ဘာမှ စိတ်အဝင်စားဆုံး ဘာသာ၊ အဖြစ် ရပ်တည်လျက်ရှိပါသည်။



www.burmeseclassic.com

www.burmeseclassic.com




*Japan, showing the areas and sites mentioned in this chapter.* ဂျပန်နိုင်ငံမှ ထင်ရှားသော ဗုဒ္ဓကျောင်းတော်များရှိရာ နေရာပြမြေပုံ



Snow-capped Mt. Fuji as seen during the cherry blossom season in April.

www.burmeseclassic.com

www.burmeseclassic.com

# ဂျပန်ပြည်ဗုဒ္ဓသာသနာအယူအဆ

မြောက်ပိုင်း မဟာယာနဗုဒ္ဓဝါဒ၏ အဓိပ္ပါယ်အကျဉ်းချုပ်မှာ သတ္တဝါအားလုံး ဗုဒ္ဓအဖြစ်သို့ ရောက်ရှိရေးကို မမိုတ်မသုန်ယုံကြည်စွာ လက်ခံကျင့်သုံးရန်ဖြစ်၏။ မြောက်ပိုင်း ဗုဒ္ဓဘာသာအယူဝါဒ အမျိုးမျိုးကို တရုတ်ပြည်တွင် စနစ်တကျပြုပြင်ခဲ့၏။ ဂျပန်ပြည်ရှိ တန္တရမန္တရဂိုဏ်းများက ညစ်ညမ်းသော အပိုင်းများကိုလက်မခံဘဲ သဘောတရားရေးရာနှင့် ကိုယ်ကျင့်တရားအပိုင်းကို လက်ခံထား၏။ အမိတာဘာ ကိုးကွယ်မှုကို ဦးစားပေးသည်။ လူဦးရေ တစ်ဝက်ကျော်ကျော်သည် အမိတာဘာကို ကိုးကွယ်ကြသည်။

ဂျပန်ပြည်သည် မြောက်ပိုင်းဗုဒ္ဓဘာသာအပြင် ထေရဝါဒ ပိဋကသုံးပုံနှင့်တကွ အဖွင့်ကျမ်းများ အားလုံး သင်ယူလေ့လာ စောင့်ရှောက်ထိန်းသိမ်းခဲ့၏။ ဂျပန်ပြည်မှာလောက် ဗုဒ္ဓဝါဒစာပေ စုံလင်သော တိုင်းပြည်မရှိဟု ဆိုကြသည်။

တရုတ်ရှေးဟောင်းမှတ်တမ်းများအရ တန်ခေတ် (၁၁၆၂.၁၄၅၁) နှင့်ထွန်ဝေတ် (၁၅၀၄ ၁၈၂၃) တို့၌ တရုပ်ပြည်မှ ပိဋကစာပေများကို ဂျပန်ပြည်သို့ အကြိမ်ကြိမ်သယ်ဆောင်ခဲ့သည်ဟု ဆို၏။ တရုတ်ပြည်တွင် ဗုဒ္ဓဘာသာဆန့်ကျင်သော သာသနာဖျက်မင်းများကြောင့် ပိဋကစာပေများစွာ ပျက်စီးပျောက်ဆုံးသွားခဲ့ရသော်လည်း ဂျပန်ပြည်၌မူ ခေတ်အဆက်ဆက် ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားသဖြင့် ပုံနှိပ်ထုတ်ဝေပြီး ဗုဒ္ဓစာပေပမာဏမှာ စာမျက်နှာ ၁၀၀၀ စီပါဝင်သောအတွဲပေါင်း ၁၀၀၀ ကျော်ရှိပြီဟု သိရသည်။

ဂျပန်ပြည်တွင် ဗုဒ္ဓစာပေကို ဂျပန်ဘုန်းတော်ကြီးကျောင်းများ၌သာ သင်ကြားသည်မဟုတ်။ ဗုဒ္ဓဘာသာကို တွဲဖက်သင်ကြားပေးနေသော တက္ကသိုလ်ကြီး ၆ ခုရှိသည်။ ဗုဒ္ဓစာပေသင်္ချိုက်းစာများ ပြဋ္ဌာန်းသင်ပေး၍ ဗုဒ္ဓဘာသာ အထောက်အပံ့ ကောလိပ်များ အထက်တန်းကျောင်းများ ရှိသေးသည်။

ဂျပန်နိုင်ငံတော်အစိုးရ၏ တက္ကသိုလ်ကြီး ၅ ခုတွင်လည်း ပါဠိသတ္တတနှင့် ဗုဒ္ဓအဘိဓမ္မာများကို သင်ကြားပေးသော ဌာနများဖွင့်လှစ်ထား ပါသည်။

ဂျပန်ပြည်ရောက် ဗုဒ္ဓသာသနာသည် ဂျပန်နိုင်ငံ၌ရှိပြီး ရှင်တိုဘာသာ အယူဝါဒနှင့် နေရာအများတွင် ရောနှောလျက်ရှိ၏။




သားသမီးများက မိဘကို လေးစားက ရရှိမည့် အကျိုးတရား ၁၀ ပါး၊
မိဘကို ပစ်ပယ်က ရရှိမည် အပြစ် ၁၀ ခု သရုပ်ဖော် ။
(ရှင်ဗုဒ္ဓဘာသာဝင်တို ၏ ပရပိုက်တစ်ဆု)

www.burmeseclassic.com



အမိတာဘုရားကြီး ၁၃ ရာစု



အဝလောက်တေသာရ ၁၄ ရာစု

www.burmeseclassic.com

www.burmeseclassic.com



လာဘ်လာဘပေါများစေသောဘုရား(SRI) ရုပ်ထု
၁၁ ရာစု



ရှင်ပွန်းဂိုဖော်ကို အကာအကွယ်ပေးသော အစောင့်နတ်မင်း
၁၂ ရာစု

www.burmeseclassic.com

www.burmeseclassic.com





得是三昧及陀羅尼爾時妙音菩薩摩訶薩
供養釋迦牟尼佛及多寶佛塔已還歸本土
所經諸國六種震動雨寶蓮華作百千万億
種種妓樂既到本國與八万四千菩薩圍遶
至淨華宿王智佛所白佛言世尊我到娑婆
世界饒益衆生見釋迦牟尼佛及見多寶佛
塔礼拜供養又見文殊師利法王子菩薩及
見藥王菩薩得勤精進力菩薩勇施菩薩等
亦令是八万四千菩薩得現一切色身三昧
說是妙音菩薩來往品時四万二千天子得
無生法忍華德菩薩得法華三昧


妙法蓮華經卷第七

比叡山延暦寺之末寺
上野國甘樂郡法性山寶相寺未明和尚以
降第十八代苗裔[illegible]供奉存焉
開山[illegible]中無[illegible]守的和尚

ကြာပန်းသုတ္တန် တရုတ် အေဒီ ၇ ရာစုခေတ် ဂျပန် (၁၂၄၀-၁၂၈၀)

www.burmeseclassic.com

www.burmeseclassic.com



摩訶般若波羅蜜多心經
觀自在菩薩行深般若波羅蜜多時照見五
蘊皆空度一切苦厄舍利子色不異空空不
異色色即是空空即是色受想行識亦復如
是舍利子是諸法空相不生不滅不垢不淨
不增不減是故空中無色無受想行識無眼
耳鼻舌身意無色聲香味觸法無眼界乃至
無意識界無無明亦無無明盡乃至無老死
亦無老死盡無苦集滅道無智亦無得以無
所得故菩提薩埵依般若波羅蜜多故心無
罣礙無罣礙故無有恐怖遠離一切顛倒夢
想究竟涅槃三世諸佛依般若波羅蜜多故
得阿耨多羅三藐三菩提故知般若波羅蜜
多是大神咒是大明咒是無上咒是無等等
咒能除一切苦真實不虛故說般若波羅蜜
多咒即說咒曰
揭諦揭諦　波羅揭諦　波羅僧揭諦　菩提薩婆訶
般若心經



နှလုံးသုတ္တန် ဂျပန် ၉ ရာစု
အတွင်းစာသားနှင့် မျက်နှာဖုံး

www.burmeseclassic.com

www.burmeseclassic.com








ဂျပန်နိုင်ငံ၌ ဗုဒ္ဓသာသနာထွန်းကားအောင် အထူးအားပေးခဲ့သော မင်းသားကြီး ရှိတိုကု (၅၇၄-၆၂၂)

www.burmeseclassic.com

www.burmeseclassic.com



မင်းသားကြီး ရှုတိုကူ အေဒီ ၆၀၇ ကာလက တည်ဆောက်ခဲ့သော သစ်သားအဆောက်အဦးကြီးကို ယနေ့ထက်တိုင် မပျက်မဆီးဘဲ ထိန်းသိမ်းထားရှိနိုင်သေးသည်။





ဘုရားစောင့်နတ်မင်းရုပ်ထု

www.burmeseclassic.com

www.burmeseclassic.com

# ဂျပန်ပြည် ဗုဒ္ဓဘာသာဂိုဏ်းကွဲများ

ဂိုဏ်းကို တည်ဆောက်ထားသော ဆရာတော်နှင့် အဓိကထား လက်ခံသည့် ကျမ်းစာအပေါ်မူတည်၍ ဂိုဏ်းများကွဲထွက်ခဲ့ခြင်းဖြစ်သည်။

၁။ **ကုရှဂိုဏ်း** (ချူရှေး) =
သဗ္ဗတ္ထိဝါဒ၊ အာဘိဓမ္မိက၊ ဟီနယာန။
အဘိဓမ္မကောသကျမ်း၊ ဝသုဗန္ဓု ရေးသည်။

၂။ **ဂျိုဂျစ်ဆုဂိုဏ်း** (ချင်ရှီး)
သုညဝါဒ၊ သုတ္တန္တိက၊ ဟီနယာန။
သစ္စသိဒ္ဓိကျမ်း၊ ဟရိဝမ္မ ရေးသည်။

၃။ **ဟိုဆိုဂိုဏ်း** (ဖစီယန် + ရှေလွန်း)
ဝိညာဏဝါဒ၊ စေတ္တသဿတ၊ (ယောဂါစာရ) မဟာယာန။
သန္ဓိနိမ္မောစနသုတ္တ၊ မဟာယာန သမ္ပရိဂ္ဂဟသုတ္တ၊ ယောဂါစာရ ဘူမိသုတ္တ၊ အသင်္ဂ ရေးသည်။
ဝိညာဏမတ္တတာသိဒ္ဓိသုတ္တ၊ ဓမ္မပါလ ရေးသည်။

၄။ **စံရွန်ဂိုဏ်း** (စံလွန်း)
သုညဝါဒ၊ မဇ္ဈိမိက၊ မဟာယာန။
မဇ္ဈိမိကသုတ္တ၊ ဒွါဒသနိကာယသုတ္တ၊ နာဂအဇ္ဈုန ရေးသည်။
သတသုတ္တ၊ အရိယဒေဝ ရေးသည်။

၅။ **ကီဂွန်ဂိုဏ်း** (ဟွာယင်)
သဗ္ဗဝါဒ၊ မဟာယာန။
အဝင့်သကသုတ်၊ မဟာယာနသဒ္ဓုပ္ပါဒကျမ်း၊ အဿဃောသ ရေးသည်။

၆။ **တင်ဒိုင်းဂိုဏ်း** (တိယင်တိုင်း)
ပညတ္တိဝါဒ၊ ဧကယာနဝါဒ၊ မဟာယာန၊
သဒ္ဓမ္မပုဏ္ဍရိကကျမ်းနှင့် မဟာပညာပါရမိတာကျမ်း။

၇။ **ရှင်ဂွန်းဂိုဏ်း** (ချင်ယင်)
မန္တရလျို့ဝှက်ဝါဒ၊ မဟာယာန၊
မဟာဝေရောစနာတိသမ္ဗောဓိသုတ်၊ သုပာဟုကုမာရသုတ်၊
သုသိဒ္ဓိကရသုတ်။

၈။ **ဈင်ဂိုဏ်း** (ချင်)
ဈာနဝါဒ၊ မဟာယာန၊ ဈင်ဂိုဏ်းကွဲ လေးခုရှိသည်။

(က) ရင်ဇိုင်းဂိုဏ်း (အေးဆိုင် တည်ထောင်သည်။)
(ခ) ဆိုတိုဂိုဏ်း (ဒိုဂျင် တည်ထောင်သည်။)
(ဂ) ဖူကေဂိုဏ်း (ကကူရှင် တည်ထောင်သည်။)
(ဃ) အိုတကုဂိုဏ်း (ဆင်ဂျင်း တည်ထောင်သည်။)

လင်္ကာဝတာရသုတ်၊
ဝဇိရစ္ဆေဒိကာသုတ်၊
ပညာပါရမိတာသုတ်၊

၉။ **သုခဝတီဗျူဟာဂိုဏ်း** (ချင်တူ = တန်လွန်း)
အမိတာကိုးကွယ်မှု၊ မဟာယာန၊
သုခဝတီဗျူဟာသုတ်၊
အမိတာဂိုဏ်းကွဲ လေးခုရှိသည်။

(က) ဂျိုဒိုဂိုဏ် (ဟိုနင် တည်ထောင်၏။)
(ခ) ရှင်ဂိုဏ်း (ရှင်ရန်း တည်ထောင်၏။)
(ဂ) ယူဇုနင်ဘုဆုဂိုဏ်း (ရယိုနင် တည်ထောင်၏။)
(ဃ) ဂျိဂိုဏ်း (အိပန် တည်ထောင်သည်။)

www.burmeseclassic.com

www.burmeseclassic.com

၁၀။ **ရစ်ဆူဂိုကာ်း (ဇမ္ဗူ)**
ဝိနယ=ဝိနည်းပဓာန၊
စတုဝဂ္ဂဝိနယပိဋကခေါ် ဝိနည်းလေးကျမ်း
သမ္ဗတ္ထိဝါဒဝိနယ၊
မဟာသံဃိကဝိနယ။

၁၁။ **နိချိရင်ဂိုကာ်း**
နိချိရင် (၁၇၆၆–၁၈၂၆) ကတည်ထောင်၏။
သဒ္ဓမ္မပုဏ္ဍရိကသုတ်။

***အံမောင်၏ "ဗုဒ္ဓသာသနာတော် ၂၅၀၀ ခရီး" မှ***



**The mind's release**

Zen is one of the main Buddhist meditation techniques

ဈင် – ဗုဒ္ဓဘာသာဝင်များတွေးခေါ်ရန် ချထားပေးတတ်သော ပန်းချီကားချပ်
စိတ်ကိုလွတ်လပ်စွာတွေးတော၍ အမှန်တရားကိုရှာစေခြင်းဖြစ်၏။
စိတ်ကိုထွက်ပေါက်ပေးသည်ဟု အဆိုရှိသည်။



www.burmeseclassic.com

www.burmeseclassic.com




နိချိရင် NICHIREN ဂိုဏ်းကို တည်ထောင်ခဲ့သော ကျောင်းတိုက်
ဆရာတော်ကြီး (၁၂၈၂ ကွယ်လွန်) အိုင်ကီဂါမိ IKEGAMI JAPAN



www.burmeseclassic.com

www.burmeseclassic.com





ရှိတိုကုမင်းသားကြီး၏ သာသနာမျိုးပွားရေးဆောင်ရွက်ချက် မြင်ကွင်းတစ်ခု



ရှိတိုကုမင်းသားကြီး၏ဇနီး မင်းသမီး – ပုရပိုက်
(ဤပုရပိုက်မိတ္တူ ၁ သန်းတိတိ ရေးကူး ဖြန့်ဖြူးပေးခဲ့သည်။)

www.burmeseclassic.com

www.burmeseclassic.com




若不解此諸境諸智若大若小更相開入若
判若開平為法界如何識法華所宗並部
了於一心妙境々智相稱如何能見下諸妙
文所依所發乃至化他不思議用妙感妙應
乃至眷屬並從此生乃至本證亦不出此人
不見之謂為煩仍

法華玄義釋籤卷第三

天台教觀興 遍界仰鴻功 使後聞鑽仰 令來者仰之
三寶垂迎加 神德降慈棠 百王鎮護德 人法弥紹隆
遍法界有識 鑽仰諸緣能 悉離煩惱域 俱來真如宮
願主權大僧都承詮
仁安元年歲次丙戌十月十五日

ကမ္ဘာကြီးဆယ်ခု၊ ခြောက်ခုမှာ ပြန်လည်မွေးဖွား၍ အခြား ကမ္ဘာလေးခုကို ရောက်ပြီဆိုက နိဗ္ဗာန်ကို လှမ်းနိုင်ပြီ



လမင်းကို စောင့်သောဘုရား (အမျိုးသမီး)



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com




ဂျပန် ဗုဒ္ဓဝင်စာတ်လမ်းပါ NICHIREN နှင့် ပက်သက်သော ပန်းချီကားများ




www.burmeseclassic.com

www.burmeseclassic.com

ဂျပန် ဗုဒ္ဓဝင်ဓာတ်လမ်းပါ NICHIREN နှင့် ပက်သက်သော ပန်းချီကားများ







www.burmeseclassic.com



၈ ရာစုခေတ် စေတီ




ငရဲမြင်ကွင်း
(၁၁ ရာစုခေတ်လက်ရာကို ၁၈ ရာစု၌ ပြုပြင်ရေးဆွဲထားသောပန်းချီ)


www.burmeseclassic.com

www.burmeseclassic.com

[illegible]



ဘာသာရေးအခမ်းအနားတို့၌ အသုံးပြုသော ဓာတ္တာငယ်



www.burmeseclassic.com

www.burmeseclassic.com







ဗုဒ္ဓနှင့် ပတ်သက်သောရှေးခေတ်
ဂျပန် ပန်းပုလက်ရာများ။

www.burmeseclassic.com

www.burmeseclassic.com



ဈင်ဗုဒ္ဓဘာသာကျောင်းတော်တို့သည် အေးချမ်းခြင်း ဆိတ်ငြိမ်ခြင်းရှိစေရန် ပန်းခြံကို အထူးပြုပြင်ထားလေ့ရှိကြသည်။

ရှင်ကွမ်း **SHINGON** ဂိုဏ်းဝင် ဘုန်းကြီးများ (ဝဇီရာယာန ဗုဒ္ဓဘာသာ)



www.burmeseclassic.com

www.burmeseclassic.com

ဂျပန်ဗုဒ္ဓဘာသာ ဂျိုဒို JODO ဂိုဏ်း၊
ဗုဒ္ဓမြတ်ဘုရားအပေါ် ကယ်တင်ရှင်အဖြစ် လုံးဝယုံကြည်သောဂိုဏ်း
ဖြစ်၏။ အထက်ပါဂိုဏ်းမှ ဘုရားကိုးဆူ လှည့်လည်စဉ်





ဂျပန်ဗုဒ္ဓဘာသာ ဖူကီ FUKE ဂိုဏ်း


ဇင်ဂိုဏ်းကွဲတစ်ခုဖြစ်၏။ လူအများက တရားထိုင်နေကြသည်ကို ရဟန်းတော်က ဝါးပုလွေကလေးကို မှုတ်ပြီး စောင့်ရှောက်ပေးသည်။ ဤဂိုဏ်းဝင်ရဟန်းတော်တို့သည် ဆွမ်းခံသည့်အခါ မျက်နှာကို လုံးဝမမြင်ရအောင် ဖုံးကွယ်ထားလေ့ရှိကြသည်။





www.burmeseclassic.com

www.burmeseclassic.com



ဆိပ်ငြိမ်ပြီး လှပအောင်ပြုပြင်ထားသော ဈင်ကျောင်းတိုက်ကြီးများ၏ ပန်းခြံပြင်ကွင်း

## ဗုဒ္ဓုပ္ပတ္တိသက္ကရာဇ်အကျဉ်း


| မဟာသက္ကရာဇ် | လ | နေ့ရက် | အကြောင်းအရာ |
|---|---|---|---|
| ၆၇ | ဝါဆိုလပြည့် | ကြာသပတေး | ပဋိသန္ဓေယူသည်။ |
| ၆၈ | ကဆုန်လပြည့် | သောကြာ | ဖွားမြင်တော်မူသည်။ |
| ၉၆ | ကဆုန်လပြည့် | | နိမိတ်ကြီးလေးပါးမြင်။ |
| ၉၇ | ဝါဆိုလပြည့် | တနင်္လာ | တောထွက်တော်မူ၏။ |
| ၁၀၃ | ကဆုန်လပြည့် | ဗုဒ္ဓဟူး | ဘုရားဖြစ်တော်မူသည်။ |
| ၁၀၃ | ဝါဆိုလပြည့် | စနေ | ဓမ္မစကြာတရားဟော။ |
| ၁၀၃ | ဝါဆိုလပြည့်ကျော် (၅) | ကြာသပတေး | အနတ္တလက္ခဏသုတ်။ |
| ၁၄၈ | ကဆုန်လပြည့် | အင်္ဂါ | ပရိနိဗ္ဗာန်စံယူသည်။ |
| ၁၄၈ | ကဆုန်လပြည့်ကျော်(၅) | တနင်္ဂနွေ | တေဇောဓာတ်လောင်။ |
| ၁၄၈ | နယုန်လဆန်း (၁) | ကြာသပတေး | ဓာတ်တော်ဝေသည်။ |
| ၁၄၈ | ဝါဆိုလပြည့်ကျော်(၁) | | ပထမသင်္ဂါယနာတင်။ |

မှတ်ချက်။ ။ ကဆုန်လပြည့်နေ့ကို ဖွား မြင် ပွင့် စံ ဟူ၍ လည်းကောင်း၊ ဝါဆိုလပြည့်နေ့ကို သန္ဓေ တောထွက် ဓမ္မစက် ဟူ၍လည်းကောင်း အတိုမှတ်လေ့ရှိသည်။

www.burmeseclassic.com

www.burmeseclassic.com

ဆိတ်ငြိမ်ပြီး လှပအောင်ပြုပြင်ထားသော ဈင်ကျောင်းပရိဝုဏ်ကြီးများ၏ ပန်းခြံမြင်ကွင်း






www.burmeseclassic.com

www.burmeseclassic.com





ဂျပန်တန္တရဗုဒ္ဓဘာသာဝင်များ အသုံးပြုသော အသုံးအဆောင်အချို့ နှင့် ရဟန်းတော်များ၏ အသုံးအဆောင် သပိတ် – ဂျပန်ရဟန်းတော်များသည် ဆွမ်းမခံကြပါ။ သို့သော် သပိတ်ကိုတော့ ဆောင်ထားကြသေးသည်။


www.burmeseclassic.com

www.burmeseclassic.com

# အမိတာ ဗုဒ္ဓ ကိုးကွယ်သောဂိုဏ်း

အမိတာ ဗုဒ္ဓ (ဂျပန်အခေါ် အမိဒ) ကို ကိုးကွယ်သောဂိုဏ်း ဖြစ်လေသည်။ ထိုဂိုဏ်း၏ အလိုအရဆိုလျှင် လူသားသည် ကိုယ့်အားကိုယ့်အင်ဖြင့် ဒုက္ခဆင်းရဲမှ လွတ်ကျွတ်ရန် ခက်ခဲလှသည်။ ထို့ကြောင့် လူသားအပေါ် ကရုဏာစေတနာဖြင့် စောင့်ကြည့်နေသော အမိတာ ဗုဒ္ဓကို အားကိုးရမည် ဖြစ်လေသည်။ အကြွင်သူတစ်ဦးတစ်ယောက်သည် အမိတာ ကို သဒ္ဓါကြည်ညိုစိတ် အကြွင်းမဲ့ရှိသည် ဖြစ်၍ အုံ၊ အမိတာ ၏ အမည်ကို တလိုက်ပါအုံ။ နောင်တပလွန်တွင် သုခါဝတီဘုံသို့ ရောက်မည်ပကျွတ်ဖြစ်လေသည်။ ဤတရားကို ဟိုနင်ဆရာတော်တည်ထောင်သော ဂျိုဒိုဂိုဏ်းသည်လည်းကောင်း၊ တပည့်ဖြစ်သူ ရှင်ရှသေ့ ဆရာတော်ကလေး တည်ထောင်သော ဂျိုဒိုရှင်ဂိုဏ်းသည်လည်းကောင်း လက်ခံမပျာမပြားပေသည်။ ဂျိုဒိုရှင်ဂိုဏ်းက ပို၍ထူးလာသည်မှာ ရဟန်းနှင့် လူဝတ်ကြောင်က တတန်းစားတည်း ထားခြင်းပေတည်း။ လူတိုင်း-လူတိုင်းသည် သုခါဝတီဘုံ၌ မွေးဖွားနိုင်ကြသည်ချည်းဖြစ်သည်။ ထို့ကြောင့် ရဟန်းနှင့် လူဝတ်ကြောင်သည် အတန်းတူဖြစ်လေသည်။ ဂျိုဒိုရှင်ဂိုဏ်းဝင်ရဟန်းတို့သည် ဓမ္မဝတ်နှင့်လောကဝတ်ကို ပြိုင်တူထမ်းရွက်ကြလေသည်။ သို့ဖြစ်ရာ ရှင်ရန် ဆရာတော်ကလေးကိုယ်တိုင် အိမ်ထောင်ပြုခဲ့လေသည်။ တပည့်များကိုလည်း မိမိ၏နမူနာကိုယူရန် တိုက်တွန်းလေသည်။ ယခုအခါ အမိတာ ကိုးကွယ်သော ဂိုဏ်းသည် ပြည်သူအကြား ပျံ့နှံ့လေသည်။ ကမာကူရဒေသမှ ဥာဏ်တော် သုံးဆယ့်ခုနစ်ပေရှိ အမိတာ ကြေးဆင်းတုတော်ကြီး (အေဒီ ၁၂၅၂) သို့ သွားရောက် ကြည်ညိုကြသော ပြည်သူသည် အလွန်များပြားလေသည်။ (ထပ်ဖြည့်၍ဆိုရလျှင် ဂျိုဒိုဂိုဏ်းဝင် ရဟန်းများသည်လည်း နောင်အခါ အိမ်ရာထောင်ခြင်း အမှုကို ကျင့်သုံးခဲ့လေသည်။)

အမိတာဘာ = အမိတာ AMITABA = AMITA



**THE COLOSSAL BRONZE BUDDHA AT KAMAKURA**

ကာမကူရာဘုရားကြီး ပလ္လင်အသစ် မတည်ဆောက်ရသေးမီက ပုံတော်

www.burmeseclassic.com



**Amida Nyorai (Amitabha), Kotokuin Temple, Kamakura,**

ကာမကုရာမြို့မှ ကမ္ဘာ့အကြီးဆုံး ကြေးဆင်းတုတော် အမိတာဘုရားကြီး

## ကာမကုရာ

ကာမကုရာ မြို့တော်မှာ ယခုခေတ် ဂျပန်နိုင်ငံ၏ မြို့တော် တိုကျိုနှင့် ကီလိုမီတာ ၅၀ သာ ဝေးကွာသည်။ ဒါပေမဲ့ ဂျပန်ရိုးရာကို ထိန်းသိမ်းထားကြဆဲ။

ကာမကုရာ မြို့တော်မှာ သက္ကရာဇ် ၁၁၈၅ ခုနှစ်ကစပြီး နှစ်ပေါင်း ၁၅၀ ခန့် မြို့တော်အဖြစ် ရပ်တည်ခဲ့သည်။ မြို့ကို ပထမဆုံး စစ်ဘုရင် ရိုးဂန်း - မီနိုမိုတိုက စတည်တည်ထောင်သည်။ မီနာမိုတို နှင့် တိုင်ရာမျိုးရိုးအုပ်စု အပြိုင်ဖြစ်ခဲ့ကြသေးသည်။

ရိုဂန်းမီးနိုမိတိုလက်ထက်တွင် ရှင်တို နှင့် ပတ်သက်သော ဘုရား " ဟာချိမင်" ကျောင်းတိုက်ကြီးကို စတင်တည်ထောင်သည်။ ဘုရား၏ အဝင်ဝဂိတ်ကို အလွန်ကြီးမားသော တိုရီဂိတ်ဝကြီးများက ကြိုဆိုလျက်ရှိသည်။

ဤတိုရီဂိတ်ဝကြီးများသည် နောင်အခါ ရှင်တိုဘုရားကျောင်းအားလုံး၏ အဝင်ဝ အမှတ်အသား အဖြစ် ထင်ရှားလာခဲ့သည်။


စစ်ဘုရင် မိုနိုမိုတို၏ ဒုတိယလက်ရာက ဒိုင်ဘုစု (ကြီးမားသော ဗုဒ္ဓရုပ်ပွါးတော်) ဘုရားကြီးဖြစ်သည်။ အမိတာဘုရား၏ ရုပ်ထုဖြစ်၏။ နာရာမြို့ကြီးသို့ ဘုရားဖူးသွားပြီးအပြန်တွင် စစ်ဘုရင်ကြီးက ဤကြေးသွန်းရုပ်ပွားတော်ကြီးကို တည်သွန်းလုပ်ခဲ့သည်။ ကမ္ဘာတွင် အကြီးဆုံး ကြေးသွန်းရုပ်ပွားတော်ဖြစ်၍

www.burmeseclassic.com



ကာမကုရမြို့တွင်း မြင်ကွင်းအချို့





www.burmeseclassic.com

www.burmeseclassic.com



ဟိုဘီပင်လယ် ဆိပ်ကမ်းမြို့အနီး HYOGO မြို့ငယ်မှ ဗုဒ္ဓရုပ်ပွားတော် ဂျပန်နိုင်ငံတွင် ဤလို ရုပ်ပွားတော်မျိုး နေရာအနှံ့အပြား၌ တည်ဆောက်ထားကြသည်။

# Japan's Buddha Wars

In the United States, companies show off by erecting tall buildings. In Japan, businessmen have another way of flaunting their wealth: building huge Buddha statues. In May, a taxi-company owner unveiled the latest, a 56-foot-high Buddha in Fukui. A few years ago an 80-foot statue went up in Aomori Prefecture. Flush from Japan's economic boom, the builders seem more concerned with gaining status—and admission fees—than showing piety. "We haven't decided which school of Buddhism to adhere to," says a spokesman for the cab mogul. "But we also have the biggest five-story pagoda."

An even more ostentatious race is taking place to build likenesses of Kannon, the Buddhist goddess of mercy. At Lake Tazawa, a real-estate baron has built a 116-foot statue of the goddess. In Kaga, a leisure complex called Utopia Kaganosato will open next year with a 243-foot Kannon. And north of Tokyo, a 400-foot Kannon is going up. It will be the world's largest statue—until another Japanese entrepreneur rises to the challenge.



JIJI

**Edifice complex:** *In Aomori*



အမေရိကန်နိုင်ငံတွင် ချမ်းသာကြွယ်ဝသူများက တိုက်အထပ်ထပ်အမြင့်ကြီးတွေကို တည်ဆောက်နေကြသလို ဂျပန်နိုင်ငံက သူဌေးကြီးတွေက အလွန်ကြီးမားမြင့်မားသော ဗုဒ္ဓရုပ်ပွားတော်များကို တည်ဆောက်လျက်ရှိကြသည်။

www.burmeseclassic.com

www.burmeseclassic.com

# ဈင်ဗုဒ္ဓဘာသာ

ယနေ့ကမ္ဘာတွင် လူသားအများက အရှေ့တိုင်းဒေသမှ ဘာသာအယူဝါဒများကို လေ့လာကြသည်။ အနောက်တိုင်းမှ တိုးတက်လာသော စက်မှုသိပ္ပံအတတ်ပညာက စိတ်၏ငြိမ်းချမ်းမှုကို မပေးနိုင်သောကြောင့် ဖြစ်ပါလိမ့်မည်။

အရှေ့တိုင်း ဘာသာအယူဝါဒများအနက် လူတွေစိတ်အဝင်စားဆုံး ဘာသာတစ်ခုက ဈင်ဗုဒ္ဓဘာသာဖြစ်၏။ ဈင်ဗုဒ္ဓဘာသာအကြောင်း အင်္ဂလိပ်ဘာသာဖြင့် ရေးသားထားသော စာအုပ်တွေက အုပ် ၅၀ မက ရှိ၏။ ယင်းတို့အနက် ဂျပန်နိုင်ငံ၌ ၁၉၇၆ က ကျင်းပခဲ့သော ၁၂ ကြိမ်မြောက် ကမ္ဘာ့ ဗုဒ္ဓဘာသာ ညီလာခံ၌ ထုတ်ဝေခဲ့သော ဂျပန်ဗုဒ္ဓဘာသာအကြောင်းသိကောင်းစရာ စာအုပ်မှ ဈင်ဗုဒ္ဓဘာသာ အပုဒ်ကို အောက်တွင် မြန်မာပြန်ဆိုထားပါသည်။

ဈင်ဗုဒ္ဓဘာသာ ဆိုသည်မှာ အသစ်အဆန်း ဘာသာတစ်ခုမဟုတ်ပါ။ မူလက အိန္ဒိယနိုင်ငံ နှင့် တရုတ်နိုင်ငံများကတစ်ဆင့် ဂျပန်နိုင်ငံသို့ ရောက်လာခဲ့သော ဘာသာအယူဝါဒတစ်ခုသာ ဖြစ်၏။ သို့သော် အိန္ဒိယနှင့် တရုတ်နိုင်ငံတို့တွင် မထွန်းကားခဲ့ဘဲ မှေးမှိန်သွားကာ ဂျပန်နိုင်ငံကျမှ ထွန်းကားတောက်ပလာသော ဘာသာဖြစ်သည်။ သို့ကြောင့် ဈင်ကို အိန္ဒိယမှာမွေးပြီး တရုတ်နိုင်ငံတွင်ကြီးပြင်းကာ ဂျပန်နိုင်ငံ၌ပွင့်လာသော ပန်းကလေးဟု တင်စားပြောဆိုလို့ရ၏။

ဈင် ဆိုတာဘာလဲ ရှင်းပြရမလွယ်ပါ။ စာဖြင့်ရေးပြတာထက် လက်တွေ့လေ့လာလိုက်စားကာ ကိုယ်တိုင်ပြုကျင့်ကြည့်မှ အဓိပ္ပါယ်ပေါက်မည်ဟု ဆိုချင်ပါသည်။ ဈင်ဆိုသောစာလုံးသည် "CHAN" ချီအန် ဆိုသောတရုတ်စကားမှ လာသည်။ မူလသက္ကတစာလုံးက ဒါယန DHYANA ဖြစ်၏။ တရားထိုင်ခြင်း ဟုအဓိပ္ပါယ်ရ၏။ သို့ကြောင့် ဈင်ဗုဒ္ဓဘာသာသည် တရားထိုင်ခြင်းကို အလေးပေး၏။

လူသားတို့၏စိတ်ထားသည် ပင်ကိုယ်အားဖြင့် အပြစ်ကင်းစင်၏။ အညစ်အကြေးမရှိ။ ဒုက္ခဆိုတာ မရှိ။ ဤအချက်ကို ဈင်ကအခြေခံထား၏။ တင်ပလ္လင်ခွေထိုင်ခြင်းကို ဦးစားပေး၏။

ဗုဒ္ဓဘာသာကိုစတင်အမြစ်ချပေးခဲ့သော စကြာမုနိဗုဒ္ဓရှင်တော်မြတ်သည် မဟာဗောဓိပင်အောက်မှာ လွန်ခဲ့သောနှစ်ပေါင်း ၂၅၀၀ ကျော်က ဒုက္ခအပေါင်း ကင်းငြိမ်းရာ အလင်းရောင်ကိုရခဲ့၏။ တစ်ကယ်တော့ နီပေါနိုင်ငံ ဘုရင့်သားကလေး ဘုရင့်စည်းစိမ်ကိုခံစားရပေမဲ့ ဘဝဆိုတာဒုက္ခကြီးပါကလား အိုနာသေဘေး နှင့်မကင်းပါလား ဆိုပြီး သေရမှာကိုကြောက်လာခဲ့၏။ ဒါကြောင့် စိတ်၏ငြိမ်းချမ်းရာရအောင် တရားထိုင်ခဲ့၏။ ၆ နှစ်လုံးလုံးတရားထိုင်ပြီးသော ကာလတွင် (ဇါဈင်နည်းအရ ZAZEN) ငါဟာဗုဒ္ဓဘုရားဖြစ်ပြီဟု ကြွေးကြော်နိုင်ခဲ့၏။

ဗုဒ္ဓဆိုသည့်စကားမှာ သက္ကတစကားဖြစ်၏။ အဓိပ္ပါယ်က အိပ်ရာမှနိုးလာသောပုဂ္ဂိုလ်ဟု အဓိပ္ပါယ်ရ၏။ တရားထူးတရားမြတ်ကိုရသော ပုဂ္ဂိုလ်ကို ဆိုလိုသည်။ နိဗ္ဗာန်ရောက်ကြောင်းတရားကို သိမြင်သောပုဂ္ဂိုလ်ဖြစ်၏။

ဗုဒ္ဓသည် ပါရမီရှိသော လူသားတစ်ယောက်ဖြစ်ခဲ့၏။ သို့ကြောင့် ယနေ့လူသားတွေလည်း ဗုဒ္ဓကဲ့သို့ကျင့်ကြလျှင် မြတ်သောတရားကို ကေန်ရမည်ဖြစ်သည်။

မြတ်သောတရားထူးကို မိမိဖာသာ အလိုအလျှောက်သိရှိလာခြင်းကို ဂျပန်စကားဖြင့် SATROI ဆာတိုရီဟု ခေါ်သည်။ မဟာယာနဂိုဏ်းသားမှာရော ထေရဝါဒ ဗုဒ္ဓဘာသာဝင်များပါ ဤသို့တရားထိုင်လျှင် အလင်းရောင်ဉာဏ်စဉ်ရမည်ကို အားလုံးအတူတူလက်ခံထားကြသည်။ သို့ကြောင့်လည်း ဗုဒ္ဓဘာသာဝင်တိုင်းက သူ့နည်းသူ့ဟန်ဖြင့် ကြိုးစားကြသည်။ ဈင်ဗုဒ္ဓဘာသာသည် ဤအချက်ကို အခြေခံ၏။

တရုတ်နိုင်ငံသို့ ဈင်ဗုဒ္ဓဘာသာအယူဝါဒကို ယူဆောင်လာသူက အိန္ဒိယလူမျိုးရဟန်း BODHIDHARMA ဗေါဓိဓမ္မ ဆိုသူဖြစ်သည်။ ဗောဓိဓမ္မကစပြီးနောက် ၆ ပါးမြောက် ဈင်ဆရာရဟန်း တရုတ်အမည် HUI NENG ဟူနင်း (ဂျပန်အခေါ် ENO အီနို) ထိ သက္ကရာဇ် ၇၁၈ ရာစုအတွင်း

**သံဝေဂရစေမည့် ဌာန ၄ ပါး**


၁။ ဖြတ်စွာဘုရားဖွားမြင်တော်မူရာဌာန (လုမ္ဗိနီဥယျာဉ်)
၂။ ဘုရားဖြစ်ရာဌာန (မဟာဗောဓိပင်)
၃။ ဓမ္မစကြာဟောရာ ဟောရာဌာန (မိဂဒါဝုန်တော)
၄။ ပရိနိဗ္ဗာန်စံရာဌာန [ဤလေးပါးကို သံဝေဇနီယဌာနခေါ်သည်]။
(အံ၊ ၁၊ ၄၃၅၊ ဒီ၊ ၂၊ ၁၁၆၊)



www.burmeseclassic.com

www.burmeseclassic.com

တရုတ်နိုင်ငံ၌ ဇျင်ဗုဒ္ဓဘာသာ တိုးတက်ကြီးပွါးခဲ့သည်။ ဗောဓိဓမ္မရဟန်းအကြောင်း ရေးသားထားသော စာတွေအများကြီးရှိ၏။ ဂျပန်တွေဖက်က ရေးမှတ်သားချက်အရဆိုလျှင် ဗောဓိဓမ္မရဟန်းသည် ၉ နှစ်တိုင်အောင် အုတ်နံရံကို မျက်နှာပြုတရားထိုင်ခဲ့ရာ ခြေတွေလက်တွေ ကြွေကျကုန်သည်အထိ ဖွဲ့ရှိခဲ့သည်ဟု အဆိုရှိပါသည်။ သို့ကြောင့်- ယခုဂျပန်တွင် ကျော်ကြားသော DARUMA ဒါရုမာဟုခေါ်တွင်သော အရုပ်ကလေးမှာ ခြေလက်မပါရှိပေ။ ဤအရုပ်က ယခုထိအောင် ဖွဲ့လုံ့လထားက အောင်မြင်ပါမည် ပျော်ရွှင်မှုရစေမည်ဆိုသည့် ခံယူချက်ကို ဥပမာ စံပြုပေးလျှက်ရှိ၏။



ဗောဓိဓမ္မ
တရုတ်နိုင်ငံသို့ ဇျင်ဗုဒ္ဓဘာသာအယူဝါဒ သယ်ဆောင်ခဲ့သူ
၉ နှစ်လုံးလုံးထိုင်ရာမထ တရားကျင့်ခဲ့ရာက ခြေချောင်းများပြုတ်ကျသွားသူ










www.burmeseclassic.com

www.burmeseclassic.com


ဗုဒ္ဓဖြစ်အောင် ပို့ဆောင်ပေးသောလမ်းစဉ် ဖြစ်၏။ လူတိုင်းမှာဗုဒ္ဓဖြစ်နိုင်သော အခြေခံရှိသောကြောင့် ဖြစ်၏။ တရားသဘောရရှိအောင် တရားလမ်း ၂ မျိုးကိုဖွင့်ပေးထား၏၊ ဒါပေမဲ့ စကားများများမပြော။ စကားများများပြောလျှင် အမှားပါတတ်သောကြောင့်ဖြစ်၏။ လက်တွေ့ကျသော ကျင့်စဉ် ဖြစ်၏။ သို့ကြောင့် ဘုရားစာရေးခြင်း ကျက်မှတ်ခြင်း စသည်တို့ကို ဦးစားမပေးချေ။ ဒါကြောင့် လက်တွေ့ကျကျ လုပ်ဆောင်လိုသော တရုတ်ဂျပန်တို့အကြား ဇင်အယူဝါဒမှာ ထွန်းကားနေခြင်းဖြစ်၏။ ဗုဒ္ဓကိုယ်တိုင်က သူတစ်ပါးကိုအားမကိုးနှင့်။ ကျမ်းစာတွေနှင့်အချိန်မကုန်စေနှင့်။ ကိုယ်တိုင်ကျင့်ပါဟု ပြောဆိုခဲ့သည် မဟုတ်ပါလော။

ဇင်၏သဘောကိုနားလည်ရန် GOSO HOYEN (WU TSU FA YEN ၁၁၀၄ ကွယ်လွန်) ဇင်ဘုန်းတော်ကြီး ဂိုဆို ဟိုရင်၏ ပုံပြင်ကလေးကို နားထောင်ကြည့်ပါ။

"ဇင်အကြောင်းကိုသိချင်ရင် သူခိုးပုံပြင်နှင့် နှိုင်းယှဉ်လို့ရ၏။ တစ်ခါသောအခါက သားအဖနှစ်ယောက်ရှိ၏။ အဖေလုပ်သူက အိမ်ဖေါက်ထွင်းဝိဇ္ဇာ အသက်ကြီးလာပြီ။ သို့ကြောင့် သားက ပညာအမွေသင်ပေးရန် တောင်းခံသည်။

တစ်ညသောအခါ ဘခင်သူခိုးသည် သားကိုခေါ်ပြီး အိမ်ကြီးတစ်အိမ်ကို ခိုးဝင်ကြသည်။ သေတ္တာကြီးတစ်လုံးကိုဖွင့်ပြီး အတွင်းမှအဝတ်အထည်များကို သယ်ယူရန် သားကိုအမိန့်ပေး၏။ သားက သေတ္တာထဲဝင်သွားတာနဲ့ အဖေက သေတ္တာကိုပြန်ပိတ်ပြီး အပြင်ကိုထွက်ကာ အိမ်ရှင်တွေနိုးအောင် တံခါးကိုခေါက်၏။ ပြီးတော့ သူ ထွက်ပြေးသွား၏။ အိမ်သူအိမ်သားတွေက နိုးလာသောအခါ သူခိုးကို မတွေ့တော့ချေ။ ထွက်ပြေးလေပြီ။ ဤအချိန်မှာ သားလုပ်သူက ငါ့၏အဖေဟာ ရက်စက်လှပါတကားဟု စိတ်ထဲဖြစ်ပေါ်နေ၏။ ထွက်ပေါက်ရအောင် ကိုယ်တိုင်ကြိုးစားရ၏။ ကြွက်လိုအသံပြုလိုက်၏။ ဒီတော့ အိမ်ရှင်တွေလာပြီး သေတ္တာကိုဖွင့်ကြ၏။ ဤတွင်သူခိုးငယ်က ထွက်ပြေးခွင့်ရသွား၏။ လူတွေက အနောက်က လိုက်ကြ၏။ လမ်းထဲမှာ ရေတွင်းတစ်တွင်းကိုတွေ့၏။ သူကအကြံရကာ အလွန်ကြီးသောကျောက်တုံးကို ရေထဲတွန်းချလိုက်၏။ အနောက်ကလိုက်လာသူတွေက သူခိုးရေတွင်းထဲကျပြီဆိုပြီး ဝိုင်းအုံ နေကြစဉ် သူက လွတ်မြောက်သွားခဲ့၏။


အိမ်ကိုပြန်ရောက်သောအခါ သားကအဖေကိုအပြစ်ဆို၏။ ဘခင်က ပြုံးနေ၏။ မင်းဘယ်လို လွတ်အောင်ပြေးလာသလဲဆိုပြီး မေး၏။ ပြီးတော့ မင်းပညာစုံပြီဟုပြန်ပြော၏။

ဤပုံပြင်၏သဘောက - ပါးစပ်နှင့်ရှင်းပြနေရမည့်အစား စာနှင့်ရေးပြနေရမည့်အစား လက်တွေ့က အကျိုးရှိပုံဖြစ်၏။ အလားတူပင် ဆာတိုရီကိုလည်း မိမိဖာသာကြိုးစားယူကြရမည်ဖြစ်၏။

ဇင်ဗုဒ္ဓဘာသာ၏ အရေးကြီးသောအတွေးအခေါ်အပိုင်းကို နိဂုံးချုပ်ရမည်ဆိုသော်
* ဆုံးမစကားနှင့် စာပေအပေါ်အားမထားနှင့်
* သမရိုးကျသင်ကြားမှုထက် အပြင်မှာရှိရမည်။
* လူသားတို့၏ စိတ်ဆီကို တိုက်ရိုက်ရောက်မည်။
* မိမိဘဝမှန် သိပြီဆိုက ဗုဒ္ဓဖြစ်ဖို့လမ်းရပြီဖြစ်သည်။

၁ ၏အဓိပ္ပါယ်က ဗုဒ္ဓကျမ်းစာကိုပင် အားပုံးမှန်သည်ဆိုပြီး မယူမပေနှင့် စာနှင့်မရေးပြပါက မပြည့်စုံချေ။
၂ အဓိပ္ပါယ်က ဇင်ဗုဒ္ဓဘာသာကို သင်ကြားပေးလို့မရ ဆရာနှင့်တပည့် အတူနေရာက စိတ်သဘောအရ တူသွားခြင်းသာရှိသည်။
၃ လူတိုင်းမှာ ဗုဒ္ဓဖြစ်ဖို့ အခြေခံရှိကြသည်။ လက်တွေ့ကျကျ ကျင့်ဖို့သာလိုသည်။
၄ ဗုဒ္ဓ၏ လမ်းစဉ်ကို လိုက်ပါက မလွဲမသွေ ဗုဒ္ဓဖြစ်ရမည်။
ယခုတော့ တရုတ်နိုင်ငံ ဇင်ဗုဒ္ဓဘာသာကျောင်းများ၏ အခြေအနေကို သိရဖို့ မလွယ်ပါ။
ဂျပန်နိုင်ငံမှာတော့ အမှန်ထွန်းကားလျက်ရှိပါသည်။





www.burmeseclassic.com

# လက်တွေ့ကျင့်နည်း

ဇင်ရှင် ZAZEN တရားထိုင်တော့မည့်ပုဂ္ဂိုလ်သည် တင်ပလ္လင်ခွေထိုင်ရမည်။ ဒါကအရေးအကြီးဆုံး ပထမအချက်ဖြစ်သည်။ ဤစနစ်မှာ တရုတ်ပြည်မှ ၁၃ ရာစုက ဂျပန်ကိုရောက်လာသောပညာ ဖြစ်သည်။


ထိုင်နည်းနှစ်မျိုးရှိ၏။ ကြာပန်းကဲ့သို့ အပြည့်အစုံထိုင်နည်းနှင့် ကြာပန်းတစ်ဝက် ပုံသဏ္ဌာန် ထိုင်နည်းဖြစ်သည်။ ကြာပန်းထိုင်နည်းဆိုတာက ညာခြေကို ဝဲပေါင်ပေါ်တင်၍ထိုင်ရမည်။ ဘယ်ခြေကို ညာဖက်ပေါင်ပေါ် တင်ထားပြင်းသာဖြစ်သည်။ ကြာပန်းအပြည့်ထိုင်နည်းက ပို၍ကောင်း၏။ သို့သော် ယခုခေတ်အဖို့ ကြာပန်းအပြည့်မထိုင်နိုင်ကြသဖြင့် တစ်ဝက်ပုံသဏ္ဌာန်ကို ခွင့်ပြုရခြင်းဖြစ်သည်။ ကူရှင်ပါသော ထိုင်ခုံငယ်အပေါ် ထိုင်နိုင်က ပိုကောင်း၏။ ထိုင်ခုံငယ်ကို "ဇဖူ" ဟုခေါ်သည်။

နောက်ကျောနှင့် လည်ပင်းကို တတန်းတည်းထားရမည်။ ရှေ့နောက် ကိုင်းမနေစေရပါ။ နှာခေါင်းနှင့် ချက်ကို တည့်မတ်နေအောင် ထိုင်ပါ။ နားရွက်နှင့် လက်မောင်း နှစ်ဖက်ကိုလည်း တည့်နေပါစေ။ လက်နှစ်ဖက်ကို ညာလက် ဝဲလက် အောက်မှာ ထားပါ။ လက်ဖဝါးကို မျက်နှာဖက်ကို လှည့်ထား၍ လက်မနှစ်ခု ထိနေပါစေ။ လုံးဝိုင်းနေသော ရတနာကို ကိုင်ထားရသကဲ့သို့ ရှိပါစေ။

တိကျသော နေရာအနေအထားကို မရသေးမီ ခန္ဓာကိုယ်ကို ရှေ့နောက် သို့မဟုတ် ဘေးသို့ လှုပ်ရှားနိုင်သည်။ အသက်မှန်မှန်ရှူပါ။ ချက်အောက် တစ်လက်မ နှစ်လက်မလောက် နေရာကို အာရုံပြုပါ။ ဤတွင် ခန္ဓာကိုယ် အထက်ပိုင်းသည် ရင်ညွန့်မှာ လာတင်နေသလို ခံစားရပါမည်။

ခြေလက်များကို လျှော့ချလိုက်ပါ။ ဤအချိန်မှာ အသက်ကို ပြင်းပြင်းနှင့် ငြိမ်သက်စွာ ရှူသွင်းရှူထုတ်ပါ မိမိခန္ဓာကိုယ်က မသိပါစေနှင့် နူးညံ့ သိမ်မွေ့ပါစေ။ အသက်ရှူသည် ဟန်နှင့် ခန္ဓာကိုယ် အနေအထား ဆက်သွယ်နေပါလိမ့်မည်။ ခန္ဓာကိုယ် အနေအထား ပြောင်းသွားတာနှင့် အသက်ရှူတာလည်း ပြောင်းသွားပါလိမ့်မည်။ မျက်လုံးကို တစ်ဝက်ဖွင့်ထားပါ။ မျက်လုံးမှ သုံးပေလောက် ဝေးသောအရာကို စိုက်ကြည့်ထားပါ။ ဒါဆိုရင် ဇင်၏ အရသာကို တွေ့ရပါမည်။

ဇင်က စိတ်၏ ငြိမ်းချမ်းမှု ပျော်ရွှင်မှုတို့ လာပေလိမ့်မည်။ လက်တွေ့စမ်းကြည့်ပါဟု ဆိုထား ပါသည်။



ဆံပင်ငြိမ်ပြီး လှပအောင်ပြုပြင်ထားသော ဇင်ကျောင်းတိုက်ကြီးများ၏ ပန်းခြံမြင်ကွင်း

www.burmeseclassic.com


ဈင်ဗုဒ္ဓဘာသာကျောင်းများမှာ ဒီမိုကရေစီထွန်းကားသည်ဟု ဝေါ်နိုင်သည်။ လူကြီးကိုရိုသေကြ၏။ ဒါပေမဲ့ အားလုံး တတန်းတစားထဲအတူနေကြ၏။ ရဟန်းအားလုံးက ထင်းခုတ် လယ်ယာစိုက် တံမျက်လှဲ ချက်ပြုတ် စသည့်လုပ်ငန်းတို့ကို အတူတူလုပ်ကိုင်ကြရသည်။ ဒါပေမဲ့ သူတို့သည် တရားစာဖတ်ရှုကြရန် ဘုရားရှိခိုးကြရန် အချိန်များစွာ မပေးကြ။ တရားကျင့်ခြင်းကိုသာ ဦးစားပေး၏။ ဈင်ဆရာတော်တွေကလည်း တစ်ခါတစ်ရံမှ တရားဟောကြားတတ်၏။ ဟောကြားသောတရားမှာလည်း တိုတိုတုတ်တုတ်ရှိပြီး အမေးအဖြေသဘောမျိုး ပြောဟောတတ်၏။ ဆရာတော်၏ မိန့်ခွန်းများ အစိပ္ပါယ်ကောက်ရခက်နေတတ်၏။ ဒါပေမဲ့ **ZAZEN** ဈင်တရားထိုင်ရာတွင် အကျိုးပြုသည့်ဟုဆိုသည်။

ဆိပ်ငြိမ်ပြီး လှပအောင်ပြုပြင်ထားသော ဈင်ကျောင်းတိုက်ကြီးများ၏ ပန်းခြံမြင်ကွင်း




www.burmeseclassic.com

www.burmeseclassic.com



A GROUP OF JUDO PRACTITIONERS

ဂျူဒိုအာကစားနည်းမှာလည်း ဇင်ဗုဒ္ဓဘာသာတွင် မြစ်ဖျားခဲ့သည်။



ဇင်ကျောင်းတော်မှ ခေါင်းလောင်းကြီး

www.burmeseclassic.com

www.burmeseclassic.com



ဇင် ဗုဒ္ဓဘာသာနည်းအရ တရားထိုင်နေသူနှင့် တရားပြနေသူ







ဇင်ဗုဒ္ဓဘာသာဝင်တစ်ဦးသည် ဆိုတိုရီ **SATORI** ဟုခေါ်သော အလင်းရောင်ရသော အဆင့်ကို ရောက်ဖို့ ပြင်းစွာ ဒုက္ခခံ၍ ကျင့်ကြံကြရပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ချင်ရဟန်းတော်များ လေ့ကျင့်လေ့ရှိသော လက်ရေးလက်သား



**Right:** These men are practising karate in a Tokyo park. Karate is a form of self-defence which grew out of the Zen masters' teaching of self-awareness.

ကရာတေးကိုယ်ခံပညာ

www.burmeseclassic.com



ဂျပန်မိုးများ ပန်းအလှပြုပြင်ခြင်း ပညာနှင့် လက်ဖက်ရည်ကိုဖြင့် ဟာရိဟာမေ ဧည့်ခံခြင်း မဓလေ့များသည် ဈင်ဗုဒ္ဓဘာသာ၌ မြစ်ဖျားခံသည်။



www.burmeseclassic.com

www.burmeseclassic.com



## ဈင်ဗုဒ္ဓဘာသာနှင့်လေးနှင့်မြား

ဈင်အကြောင်းကိုသိလျှင် ဂျပန်အကြောင်းကို တစ်ဝက်သိပြီး ဈင်သည် ဂျပန် ဗုဒ္ဓဘာသာ၏ အဆီအနှစ်ဖြစ်သည်။

ဈင်အကြောင်း နားလည်လိုလျှင် ကျူဒို **KYUDO** လေးနှင့်မြားကိုလည်း လေ့လာရမည် ဟုအဆိုရှိသည်။

သို့ကြောင့် ဂျပန်ဈင် လေးမြားပစ်နည်းကို နိုင်ငံခြားသားအတော်များများက စိတ်ဝင်စားနေကြသည်။

လေးနှင့်မြားကို ပစ်မည့်သူသည် စိတ်ကိုငြိမ်အောင်ထိန်းရသည်။ စိတ်ကို လေးနှင့်မြားမှာသာထားရသည်။ (လောကကို ပြုပြင်ပြောင်းလဲစေသောအရာ **YIN** နှင့် **YANG** ရင်နှင်ရမ်း သင်္ကေတများ ၂လက်)

လေးကို တအားဆွဲပြီး မြားကို ပစ်ထုတ်ရသည်။ လေးကို ပစ်ခါနီး ဖြစ်ပေါ်နေသော စိတ်နှလုံးနှင့် မြားထွက်သွားစဉ် ဟာကနဲဖြစ်သွားသော နှလုံးသားအပေါ်ခံစားခြင်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဇင်အတွေးအခေါ်ကို အခြေခံပြီး လေးနှင့်မြှား လေ့ကျင့်နေကြသူများ




www.burmeseclassic.com

www.burmeseclassic.com



ဈင်တရားတော်ကို လိုချင်လှတဲ့ ရဟန်းငယ် "ဟူခီ"ဟာ နှင်းတောထဲမှာ ခုနစ်ရက်၊ ခုနစ်လီ စောင့်ဆိုင်းခဲ့ပြီးနောက် မိမိလက်ကို ဓားဖြင့်ဖြတ်၍ ဆန္ဒပြင်းပြမှုကို ဒီလို ဖော်ပြခဲ့တယ်။




အနောက်တိုင်းသားများ တရားဓမ္မတွေကို ရှုတ်ဖတ်သရဇ္ဈာယ်နေပုံ။

www.burmeseclassic.com

www.burmeseclassic.com



တရုတ်သမိုင်းမှာ ကျော်ကြားလှတဲ့ စစ်ဝန်ကြီး "ခုန်မင်း"ဟာ မိမိတဦးတည်းနှင့် ရှင်သူတော်သား တသိန်းခွဲကို ခွက်ခွက်လန် ရှုံးနိမ့်သွားအောင် စစ်ဆင်နိုင်ခဲ့တယ်။ ဂျပန်ရဲ့ ဇင်ကျင့်စဉ်သဘောတရား ပေါက်ဖွားပုံများမှာ....




ဂျပန်ကြာဂိ ဇင်ကျောင်းတော်ကင်

www.burmeseclassic.com

www.burmeseclassic.com

ဈေးကျင့်စဉ်ကို ကျင့်ကြံအားထုတ်ရင်း အလုပ်လုပ်နိုင်သပို့ ကြမ်းတိုက်ရင်းလဲ ဈင်တရားကို အားထုတ်နိုင်ပါတယ်။



ဈင်တရားထိုင်နေရာဘွင် ဒွိဉ်ငိုက်ပါက တုတ်နဲ့ရိုက်ပြီး သတိပေးရန် အမြဲမပြတ် လှည့်လည်စောင့်ကြပ်နေပုံ။



www.burmeseclassic.com

www.burmeseclassic.com

## ဂျပန်နိုင်ငံမှ
## ဘုရားနှင့် ဗောဓိသတ္တဘုရားလောင်းများ၏ ရေးခေတ် ပန်းပု ပန်းချီကားများ

ဂျပန်နိုင်ငံမှ ရှေးခေတ် လက်ရာတော်များကို အနောက်တိုင်း ပြတိုက်ကြီးများ၌ တရိုတသေ ပြသထားသည်ကို မြင်တွေ့နိုင်ပါသည်။



အမိတာဘုရား ဂျပန်ပြည် ကျိုတိုမြို့ (ကောင်းကင်ဘုံဘုရား)

www.burmeseclassic.com

www.burmeseclassic.com

၇ ရာစုခေတ် ဂျပန် ဘုရားလောင်းပန်းပုလက်ရာ ဟောဓိသတ္တ မျက်နှာဖုံး ၁၃ ရာစုခေတ်လက်ရာ



ကျောင်းကန်ဘုရားများ၏ အဝင်ဝ၌ ထုလုပ်ထားရှိတတ်သော ဒေသခံ နတ်သူရဲ အစောင့်အရှောက်–ဂျပန်နိုင်ငံ





www.burmeseclassic.com

www.burmeseclassic.com

**Mañjuśrī again** – this time from Japan, seated on a lotus and riding an elephant. (29)




ဆင်စီးပြီး ကြာပန်းခံ ထုလုပ်ထားသော
ဂျပန်နိုင်ငံ ဗောဓိသတ္တ ဘုရားလောင်းရုပ်ထု



ဓပါပါဝမဇုမှ ပရိနိဗ္ဗာန် ပြုခန်းပုံ ဂျပန်ရှေးရိုးပန်းချီ

www.burmeseclassic.com

www.burmeseclassic.com




မဟာဗုဒ္ဓဝင်- ပိုးသားပေါ်မှ ပန်းချီကားများ

www.burmeseclassic.com

www.burmeseclassic.com



ကျောက်သားဖြင့် ပြုလုပ်ထားသော ဂျပန်ဘုရားစင်ပေါ်မှ ရုပ်ပွားတော်



ဆာမူရိုင်းတို့ခေတ်က အသုံးပြုသော ဒါးရှည် ( အရင်း၌ ဘာသာရေး စာတမ်း ရေးထိုးထားသည်။





www.burmeseclassic.com

www.burmeseclassic.com




ဂျပန်နိုင်ငံ၏ တန်ဖိုးမဖြတ်နိုင်သော ပိုးသားပေါ်မှ ပန်းချီလက်ရာ တစ်ခု



This is a leaf from a Bo tree — the tree under which the Buddha was sitting when he attained

www.burmeseclassic.com

www.burmeseclassic.com



ဗုဒ္ဓရုပ်ပွားတော် (ဘုရားသုံးဆူ) နှင့် စောင့်နတ်မင်းများ ပိုးသားပေါ် ရေးဆွဲကားကို ရေဆေးပန်းချီ လက်ရာ ကောင်းတစ်ပုံ

www.burmeseclassic.com

www.burmeseclassic.com

KANNON ကန်နွန်း-ဗုဒ္ဓဘာသာများ ကိုးကွယ်ကြသော မေတ္တာရှင်ဘုရား စစ်ပြီးအထိမ်းအမှတ် ၁၉၅၀ ခုနှစ် တိုကျိုမြို့တော် ကမ္ဘာတစ်ခုပေါ်မှ (တရုတ် ကွမ်ယင်မယ်တော်မှ ပြောင်းလဲလာသော အသွင်ဝါဒ ဖြစ်သည်။)



ကောသမ္ဘီပြည် ဥဒြာနဘုရင်၏ အမိန့်တော်အရ စန္ဒကူးသားဖြင့်ထုလုပ်သော ရုပ်ပွားတော်ကြီးကို ဇေတဝန်ကျောင်းတော်၌ မူလက ထားရှိခဲ့လေရာ ထိုရုပ်ပွားတော်အတိုင်း တရုတ်ပြည်က ထုလုပ်ခဲ့သောရုပ်ပွါးတော်။ (ယခုဂျပန်ပြည်၌ရှိ၏။)



www.burmeseclassic.com

www.burmeseclassic.com





ဂျပန်နိုင်ငံ **HOSSO**ဟော်ဆိုသံဃာဂိုဏ်းကို တည်ထောင်ပေးခဲ့သော
တရုတ်ရဟန်းတော် **KUIJI** ကူဂျီ

www.burmeseclassic.com

www.burmeseclassic.com



**Life world library series JAPAN** စာအုပ်မှာ

ဂျပန်ကို မြန်မာနိုင်ငံကဲ့သို့ ဗုဒ္ဓဘာသာ တစ်ခုထဲကို အဓိကထားကိုးကွယ်သည့်နိုင်ငံဟု ယူဆလို့ မရချေ။ ဂျပန်ကို ဘာသာ နှစ်မျိုး ကို စုပေါင်းကိုးကွယ်နေသောနိုင်ငံဟု နိုင်ငံတကာမှ ပညာရှင်တွေက ဆိုကြသည်။ လူတစ်ဦးသည် တစ်ပြိုင်တည်း ဘာသာနှစ်မျိုး ကို ကိုးကွယ်ထီးကပ်နေကြသောကြောင့် ဖြစ်၏။ ရှင်တိုနှင့် ဗုဒ္ဓဘာသာကို တွဲဖက်ကိုးကွယ်လေ့ရှိကြသည်။ ကွန်ဖြူးစီးယပ်ဘာသာ အယူဝါဒကို လက်ခံကြသူတွေလည်း မနည်းချေ။

ကျေးလက်မှာ မွေးဖွားသော ကလေးတိုင်းကို ပထမဆုံး ရှင်တိုဘုရားကျောင်းသို့ ဘုရားပြရန် ခေါ်ဆောင်သွားတတ်ကြသည်။ ကလေးအသက်ရှည်ဖို့အတွက် ရှင်တိုဘုန်းကြီးများက ရွတ်ဖတ်သရဇ္ဈာယ် ပေးကြလေ့ရှိသည်။

မြို့ကြီးများတွင် နိုဝင်ဘာလ ၁၅ ရက်နေ့၌ ခွန်နစ်ငါးသုံးပွဲတော်ကို ကျင်းပလေ့ရှိသည်။ ယောကျ်ားလေးဖြစ်က အသက် ၅ နှစ် သုံးနှစ် မိန်းကလေးဖြစ်က ခုနှစ်နှစ် နှင့် သုံးနှစ်အရွယ်တွင် ကလေးများကို အကောင်းဆုံးအဝတ်အစားဖြင့် ပြင်ဆင်ပြီး ဘုရားကျောင်းကို ဘုရားပြသွားကြလေ့ရှိသည်။

မင်္ဂလာဆောင်ရာတွင်လည်း ရှင်တိုဘုန်းကြီးပါဝင်သည် ခရစ်ယန်ဘာသာဝင်များ မင်္ဂလာဆောင်သည့်အခါ ဘုရားကျောင်းမှာ မင်္ဂလာဆောင်ကြသလိုဖြစ်၏။

ဗေဒင်ကိုလည်း ယုံကြည်ကြသည်။ သို့ကြောင့် မြို့ကြီးပြကြီးတွေမှာတောင် ဗေဒင်ဆရာတွေ အများကြီးရှိကြ၏။ အိမ်ဝယ် အိမ်တက်စသည့်နေ့များကို ဗေဒင်ဆရာက ရွေးပေးလေ့ရှိသည်။

လူသေသည့်ကိစ္စကျတော့ ဗုဒ္ဓဘာသာဘုန်းကြီးများနှင့် သက်ဆိုင်နေလေ့ရှိသည်။ ဗုဒ္ဓဘာသာ ဘုန်းကြီးကျောင်းများက နိုင်ငံခြားသြေသည်များ၏ အလှူအပြင် လူသေချိန်ကရရှိသော အလှူငွေကြေးဖြင့် ရပ်တည်ကြလေ့ရှိသည်။

ဒွေရာသီအချိန်၌ ဘွန်း BON ပွဲတော်ကို ကျင်းပကြသည်။ ကွယ်လွန်ပြီးသူများကို ရည်စူးပြီး ကျင်းပသောပွဲတော် ဖြစ်သည်။ မြို့ကြီးများ၌ ဤပွဲတော်ကို ဇူလိုင်လလယ်၌ ကျင်းပတတ်ကြသည်။ ဤအချိန်တွင် မီးပုံးများကို သုဿန်မှယူဆောင်လာပြီး သူတို့ယခင်နေထိုင်ခဲ့ကြသော အိမ်များသို့ ပို့ဆောင်လာကြသည်။ ဤအချိန်မှာ အိမ်သူအိမ်သားများနှင့် ကွယ်လွန်ပြီးသူတို့ အတူနေအတူစား အတူပျော်ပျော် နေထိုင်ကြသည်။ လပြည့်နေ့ညကျမှ ကွယ်လွန်သူတို့၏ ဝိညာဉ်ကို မူလနေရာသို့ ပို့ဆောင်ပေးလေ့ရှိကြ၏။ ဤအချိန်မှာ မီးပုံးပွဲ အဆုံးသတ်လေ့ရှိကြသည်။ တစ်ရပ်တကျေး တစ်နိုင်ငံ၌ ကွယ်လွန်ခဲ့သူများကိုတော့ မြစ်ချောင်းထဲသို့ မီးပုန်းမျှောသည့်ဓလေ့ဖြင့် အဆုံးသတ်စေသည်။



နိုင်ငံ နာရီယာမြို့မှ ဘုရင်နန်းတော် (၁၆၁၁ ခုနှစ် တည်ဆောက်ပြီးစီးသည်) ဂျပန်လူမျိုးတို့သည် ဧကရာဇ် ရှင်နှင့် ဘုရားကို တစ်တန်းတစ်စားထဲ ထားခဲ့ကြသည်။ ဒုတိယကမ္ဘာစစ်ကြီးရှုံးပြီးချိန်မှ ဘုရင်ကိုယ်တိုင်က မြန် လူသားတစ်ယောက်ဖြစ်ကြောင်း ဝန်ခံကြေညာခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com
ရှင်တို့ကျောင်းတိုင်း၏ အဝင်ဝတွင် ... ခန္ဓာကိုယ်ကို သန့်ရှင်းသွားရအောင် လက်များနှင့်ပါးစပ်ကို ဆေးကြောသည့်လေ့ရှိသည်။





ကလေးများ၏ ဗုဒ္ဓရုပ်ပွားတော်များ JIZO BOSATSU THE CHILDRENS BUDDHA
ကလေးနေပကောင်းသည့်အခါ ရုပ်ပွားတော်တစ်ဆူမှ ရင်ခံအဝတ်စကို ယူသွားပြီး ကလေး၏ ခေါင်းအုံးအောက်ထဲမှာ ထားပေးလေ့ရှိသည်။

www.burmeseclassic.com

www.burmeseclassic.com

ဘုရားကျောင်းတစ်ခု၏ အဝင်ဝဂိတ်
ဘုရားထံ ဆုတောင်းသည့်စာများ အထူးသဖြင့် ချစ်သူတို့၏ ဆုတောင်းစာများကို ရေးပြီး ညှပ်ထားလေ့ရှိသည်။





တောဖုံးနေသော ခရုတက်နေသော ဗုဒ္ဓရုပ်ထု တစ်ဆူ ဂျပန်နိုင်ငံတွင် တစ်ချိန်က ဗုဒ္ဓဘာသာလွှမ်းစွာ ထွန်းကားခဲ့၍ ယခုခေတ် လူသားများက ဂရုမစိုက်နိုင်ကြတော့ပြီလော?

## ကထိန်သင်္ကန်းကပ်လှူပွဲ

ဗုဒ္ဓဘုရားရှင်သည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် ဘဒ္ဒဝဂ္ဂီ ညီနောင်ရဟန်းတော်သုံးကျိပ်တို့ ဝါကျွတ်ကာလ မိမိတို့သီတင်းသုံးရာ သာကေတပြည်မှ ဘုရားရှင်ထံ ကြွလာကြရာတွင် လမ်းခရီး၌ မိုးကြီးမိပြီး မိုးရေ ရွှံ့ရေများ ရွှဲကာထင်လဲမရှိပဲ ဆင်းဆင်းရဲရဲ နေကြသည်ကို အကြောင်းပြု၍ သီတင်းကျွတ်လပြည့်ကျော် ၁ ရက်နေ့မှ တန်ဆောင်မုန်းလပြည့်ကျော် ၁ ရက်နေ့အထိ ကထိန်သင်္ကန်းကပ်လှူခြင်းကို ခွင့်ပြုတော်မူခဲ့သည်။ ထိုစဉ်မှစ၍ ကထိန်သင်္ကန်းကပ်လှူပွဲများ ပေါ်ပေါက်လာခဲ့ပေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဘုရားဖူးသွားသည့်အခါ ရိုးရာ ဝတ်စုံကို ဝတ်ဆင်သွားကြသည်။




ကျောင်းကန်ဘုရားများအတွင်း ဝင်သည့် အခါ ဖိနပ်ချွတ်ပြီး ဝင်ကြသည့် ဓလေ့ရှိသည်

ဂျပန်နိုင်ငံ၏ ဗုဒ္ဓသာသနာ အနုပညာပစ္စည်းအများစုသည် ပန်းပုရုပ်ထုများဖြစ်သည်။ အမျိုးသားယဉ်ကျေးမှု ပစ္စည်းများအဖြစ် နိုင်ငံတော်က သတ်မှတ်ထားသည့် ပစ္စည်းအမျိုးပေါင်း ၂၃၉၉ ခု ရှိသည့်အနက် ဗုဒ္ဓဝင်ဇာတ်နိပါတ်ဆိုင်ရာ ရုပ်ပွါးဆင်းတု အရေအတွက်က ၂၀၀၀ ကျော် ပါဝင်နေသည်။ စင်စစ် ဗုဒ္ဓဘာသာ ရုပ်ပွားဆင်းတု အရေအတွက်သည် ထိုထက်မက များပြားပေသည်။ ထို အရေအတွက်တွင် ကျောင်းတော်အချို့ရှိ ရုပ်ပွားဆင်းတု အရေအတွက်သည် ထိုထက်မက များပြားပေသည်။ ယိုအရေအတွက်တွင် ကျောင်းတော်အချို့ရှိ ရုပ်ပွားဆင်းတုငယ်များ ပါဝင်ခြင်း မရှိသေးချေ။ ဥပမာပြရလျှင် မျိုဟိုအင်ကျောင်းတော်ရှိ ကန်နန် (တရုတ်အခေါ် ကွမ်ယင်ပညာပါရမီကာ ဗောဓိသတ္တ) ရုပ်ပွားငယ် တစ်ထောင့်တစ်ဆူကို တစ်ဆူ တစ်မျိုးစီအဖြစ်သာ စာရင်းတင်ထားခြင်းမျိုး ဖြစ်ပေသည်။

www.burmeseclassic.com


ဟိုရုဂျီကျောင်းတော်မှ ဘုရားဆောင်

The Pagoda of the Horyuji Monastery, Japan



www.burmeseclassic.com

www.burmeseclassic.com



Hōryūji Temple, Japan

ဟိုရုဂျီကျောင်းတော်

www.burmeseclassic.com

www.burmeseclassic.com


# ဂျပန်နိုင်ငံမှ မြန်မာဘုန်းတော်ကြီးကျောင်း

ဂျပန်ပြည်သို့ ကိုရီးယားနိုင်ငံမှတဆင့် ခရစ် ၆ ရာစု (အေဒီ ၅၃၈ ခု) တွင် ဗုဒ္ဓဘာသာ ရောက်ရှိခဲ့သော်လည်း ထေရဝါဒဗုဒ္ဓသာသနာတော်၏ အနှစ်သာရကိုမူ ပြည့်ပြည့်ဝဝ မခံစား မသောက်သုံးကြရပဲရှိခဲ့သည်။ တရုတ်ပြည်က အကျယ်ဖွင့်ဆိုသော မဟာယာန ပိဋကတ်စာပေတို့ဖြင့်သာ ကျေနပ်တင်းတိမ် နေခဲ့ကြရသည်။ ထိုမှတဖန် တင်ဒယ်ဂိုဏ်း၊ ရှင်ရန်ဂိုဏ်း၊ နိချိရင်ဂိုဏ်းနှင့် ဇင်ဂိုဏ်းဟူ၍ ဗုဒ္ဓဘာသာနှင့်ဆိုင်သော ဂိုဏ်းများပေါ်ထွန်းလာသော်လည်း ဗုဒ္ဓမြတ်စွာ၏ နှုတ်တော်ထွက်ဖြစ်သော ဝိနည်းသုတ္တန်နှင့် အဘိဓမ္မာပါဠိပဋ္ဌာန မဒေသနာမဟာ်ရင်းပို့၏ အနှစ်သာရကို ခံယူရမှု ပေါင်းခဲ့ရသည်။

သို့ဖြစ်၍ ယခုခေတ်တွင် ထေရဝါဒ ဗုဒ္ဓဘာသာဘက်မှ (မြန်မာနိုင်ငံမှ) သာသနာပြု ဓမ္မဒူတရဟန်းတော်ကို စေလွှတ်ပေးပါရန် ပန်ကြားလာလေသည်။

ဤသို့နှင့် ဆရာတော် ဦးသေဋ္ဌိလနှင့် ဦးဉာဏုတ္တရတို့ ဂျပန်ပြည်သို့ ရှေးဦးစွာ ကြွရောက်တော်မူကြသည်။ ထို့နောက် ၁၉၅၇- ခုတွင် ဆရာတော် ၅ ပါးတို့ ဒုတိယအကြိမ် ကြွရောက်တော်မူကြသည်။ ကျူးရှူးကျွန်း၊ ကိတကျူးရှူးမြို့၊ မိုဂျီဒွာနတွင် သိမ်သမုတ်ခြင်း ဘုရားပန္နက်ချတော်မူခြင်းတို့ ပြုကြသည်။ ၁၉၅၇ ခု ဩဂုတ်လတွင် ဆရာတော် ဦးဉာဏုတ္တရ ဦးဆောင်တော်မူ၍ ဦးဝေပုလ္လ၊ ဦးဇောတိက၊ ဦးကောသလ္လ၊ ဦးဓမ္မာစာရ နှင့် ဦးခေမိန္ဒ တို့သည် ဂျပန်၌ သီတင်းသုံးတော်မူကာ သာသနာပြုရန် ကြွတော်မူကြသည်။

ဆရာတော် ဦးဉာဏုတ္တရသည် ၁၉၅၈ မှ စ၍ မြန်မာနိုင်ငံသို့ ပြန်လည် ကြွရောက်တော်မူသဖြင့် ဦးဝေပုလ္လသည် နာယကဆရာတော်အဖြစ် မိုဂျီဒွာနကို ကြီးကြပ်တော်မူရလေသည်။





ဂျပန်ပြည်ရောက် ဆရာတော် ဦးဝေပုလ္လ။

၁၉၉၁ တွင် အဂ္ဂမဟာပဏ္ဍိတ ဘွဲ့ အပ်နှင်းခြင်းခံရသည်

www.burmeseclassic.com



ရှင်သာမဏေလောင်းနှင့် ဂျပန်ရဟန်းတော်တစ်ပါး



ဂျပန်ရဟန်းတော်များ စားဖို့သောက်ဖို့အတွက် သတ် ဖာသာသတ် ရုံးကန်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com






ပန်းအလှပြုပြင်ခြင်း ရိုးရာနည်းစနစ်အရ လက်ဘက်ရည်ပွဲ တည်ခင်းခြင်း ဂျူဒို ကိုယ်ခံသိုင်းပညာတို့သည်
ဘာသာရေးနှင့် ဆက်စပ်နေသော ဓလေ့များဖြစ်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com





ဘိုးပိုဖြို့ YASUKUNI ဘုရားကျောင်း၌ စေ့ချိုးကာန်ရှိသည်။ မပြစ်ပြုပုပ်ခဲ့မိသူများ မိမိ၏ ဓမ္မ... အပြစ်ဆေးသည့် အနေဖြင့် ရေခဲတမျှ အေးစက်နေသော ရေထဲမှာ ရေချိုးကြသည်။



စစ်အတွင်း ကွယ်လွန်ပြီးသူများအတွက် သုသာန်ဘုရားကျောင်း YASUKUNI TEMPLE TOKYO နိုင်ငံအတွက် အသက်ပေးခဲ့သော စစ်သည်တော်များ ကွတ်လွန်ပြီး ဤကျောင်းတော်အတွင်းသို့ လာရောက်နေ ထိုင်ကြသည်ဟု အယူအဆရှိကြသည်။ ကျောင်းအဝင်ဝက စတူပများက ဘုရားကျောင်းတော်သို့ ဧည့်သည် တော်များ၏

www.burmeseclassic.com


www.burmeseclassic.com



*Even babies learn the Buddha's teaching that every living thing loves life and should be treated with gentleness.*

www.burmeseclassic.com

www.burmeseclassic.com



*The Festival of the Dead. As they bid farewell to the departed spirits, each family launches a little boat, lighted with a lantern, to carry their dear ones away.*

ကွယ်လွန်ပြီးသူများအတွက် ရည်စူးပြီး မီးပုံကလေးများ ရေထဲလွှတ်နေကြပုံ



***Procession of children with sprays of white flowers in honor of the Buddha's birthday.***

ဗုဒ္ဓမွေးနေ့ ကလေးများ ဘုရားကျောင်းတော်သို့ လှည့်လည်သွားကြပုံ

www.burmeseclassic.com

www.burmeseclassic.com

# ရှင်တိုဘာသာအယူဝါဒ

ဂျပန်လူမျိုးတို့၏ ကိုယ်ပိုင်ဘာသာ အယူဝါဒ ဖြစ်၏။

ရှင်တို = ဘုရားတို့၏လမ်းစဉ်ဟု အဓိပ္ပါယ်ရ၏။

ဂျပန်သမိုင်းစပေါ်စဉ်ကတည်းက ရှင်တိုဘာသာအယူဝါဒ စပေါ်ခဲ့သည်။ ရှင်တိုဆိုသော စကားကို သာ အေဒီ ၆ ရာစုခေတ်ကျမှ စတင်သုံးစွဲသည်။

ရှင်တို - ဘုရားများက လူသားတို့၏ စိတ်နှလုံး

ရာသီဥတု - လျှပ်စီးလက်ခြင်း စသည်တို့ကို ထိန်းချုပ်ထားကြသည်။ မြင့်မြတ်သော တောင်များပေါ်၌ ဘုရားများနေထိုင်ကြသည်ဟု ယူဆကြသည်။ ဘုရားအများကို ကိုးကွယ်သော အယူအဆ ဖြစ်သဖြင့် ရှင်တိုကို ဘုရားတစ်သန်းရှိသော ဘာသာအယူဝါဒဟု တင်စားပြောဆိုခြင်းခံရသည်။ နိုင်ငံကို အုပ်ချုပ်သောဘုရင်များ သူရဲကောင်းစစ်သည်များကို ဘုရားများနှင့် တစ်တန်းစားထဲ တင်စားပြောဆိုကြပြီး သူတို့ကွယ်လွန်သည့်အခါ ဘုရားများအဖြစ် ကိုးကွယ်ကြသည်။

အေဒီ ၆ ရာစုခေတ်ကစပြီး ရှင်တိုဘာသာမှာ ဂျပန်အမျိုးသားတစ်ရပ်လုံး၏ ဘာသာအယူဝါဒ အဖြစ်ပေါ်ပေါက်ခဲ့သည်။ ဂျပန်ဘုရင်များကို နေ ဘုရားမက ပေါက်ဖွားလာသည် ဆင်းသက်လာသည်ဟု ယူဆကြသည်။ ၆ ရာစုခေတ်၌ ဂျပန်နိုင်ငံသို့ ဗုဒ္ဓဘာသာအယူဝါဒ ရောက်လာသောအခါ နိုင်ငံခြားမှ ဝင်လာသော ဘာသာရေးအမည်နှင့် ကွဲပြားစေရန် ရှင်တိုဘာသာဆိုပြီး ကွဲကွဲပြားပြား ခေါ်ဝေါ်လာခဲ့ကြသည်။ နောင်အခါ ရှင်တိုဘာသာမှာ ဗုဒ္ဓဘာသာနှင့် ရောနှောသွားခဲ့သည်။ ခရစ်ဘာသာနှင့်ပင် ရောသွားသေးသည်။

၁၉ ရာစုနောက်ပိုင်းတွင် ရှင်တိုဘာသာမှာ ဂျပန်အမျိုးသားတို့၏ ဘာသာအယူဝါဒအဖြစ် ပြန်လည်ထွန်းကားလာသည်။

၁၈၆၈ ခုနှစ်၌ ဂျပန်နိုင်ငံကို ခေတ်မီနိုင်ငံအဖြစ် ပြန်လည်ပြုပြင်ကြသောအခါ ရှင်တိုဘာသာကို ရိုးရာဘာသာရေးအပိုင်းနှင့် နိုင်ငံရေးအပိုင်းဆိုပြီး နှစ်ပိုင်းခွဲခြားခဲ့ကြသည်။ နိုင်ငံရေးအပိုင်းက နိုင်ငံကို အုပ်ချုပ်သောဘုရင်ကို ရှိခိုးပူဇော်သည့်ဓလေ့ကို ဦးစားပေးခဲ့သည်။ ဒီလိုနှင့် ဂျပန်နိုင်ငံတွင် ရှင်တိုဘုရားကျောင်း ၂၀,၀၀၀ လောက်ပေါ်ပေါက်လာခဲ့သည်။ အထူးသဖြင့် ကွယ်လွန်သူ နိုင်ငံ၏သတ္တိရှိသူရဲကောင်းများကိုရည်မှန်းပြီး တည်ထောင်သော ဘုရားကျောင်းကြီးတွေ ပေါ်ပေါက်လာခဲ့သည်။

တိုကျိုမြို့လည်မှ ထင်ရှားသော YASUKUNI ရာစု ကုနိဘုရားကျောင်းဆိုလျှင် ခေတ်သစ် သူရဲကောင်းများကို ဂုဏ်ပြုတည်ဆောက်ခဲ့သော ဗိဟာန်ဘုရားကျောင်း ဖြစ်သည်။

ရှင်တိုဘုရားကျောင်းများတွင် ISC အိုက်စီအမည်ရှိ ကျွန်းကလေး၌ရှိသော ဘုရားကျောင်းတော်မှာ ထင်ရှားသည်။ ဤကျောင်းပေဟ်၌ မနေနတ်သမီး၏မြေးက ဤကျွန်းပေါ်သို့ လူသားဘုရင်ကြီးအဖြစ် ဆင်းသက်လာစဉ် ယူဆောင်ခဲ့သည်ဆိုသော လှို့ဝှက်မှန်ကလေးတစ်ချပ်ကို ဌာပနာအဖြစ် ထိန်းသိမ်းထားရှိသည်။


နိုင်ငံရေး ရှင်တိုအယူဝါဒကို ဒုတိယကမ္ဘာစစ်ကြီးပြီးချိန်၌ ဂျပန်စစ်ရှုံးသောအခါ စစ်အောင်နိုင်သော အနောက်တိုင်းသားတွေက ဖျက်ချလိုက်ကြသည်။ ဤအယူအဆကြောင့် ဂျပန်လူမျိုးတွေကို စစ်သွေးကြွစေသည်ဟု ယူဆကြသောကြောင့်ဖြစ်၏။ ဂျပန်ဘုရင်မှာ သာမန်လူသားတစ်ယောက် အဆင့်ကို ပြန်ရောက်သွားခဲ့သည်။ ဘုရားကိုယ်စား အယူအဆကို လက်မခံကြတော့ချေ။ သို့သော် ရှင်တို ဘာသာရေးအပိုင်းကတော့ ရှင်သန်လျက်ရှိနေသေး၏။

ယခုအခါ ဂျပန်လူမျိုးတို့သည် မင်္ဂလာဆောင်သည့်အခါ ရှင်တိုဘုန်းကြီးကျောင်းများ၌ လက်ထပ်ကြသည်။ ကွယ်လွန်သည့်အခါ အသုဘချသည့်အခါ ဗုဒ္ဓဘာသာ ရဟန်းတော်များက တာဝန်ယူပေးကြရသည်။

အချုပ်အားဖြင့် ရေးရလျှင် ရှင်တိုဘာသာသည် ဂျပန်နိုင်ငံတွင် ရှေးခေတ်ကပင် ကိုးကွယ်ခဲ့သော ဘာသာဖြစ်သည်။ ထိုဘာသာတွင် အမတေရစု အိုမီကာမိခေါ် နေနတ်သမီးဟူ၍ရှိသည်။ ထိုနေနတ်သမီးမှ ဂျပန်ဘုရင် ဆင်းသက်ပေါက်ဖွားသည်ဟု ယုံကြည်ကြသည်။ ရေနတ်၊ မြေနတ်၊ တောနတ်၊ တောင်နတ် ကိုးကွယ်မှုလည်း ရှင်တိုဘာသာတွင် ပါဝင်သည်။ ဘိုးဘွားကို ကိုးကွယ်မှုလည်း ရှင်တို ဘာသာ၏ လက္ခဏာတစ်ရပ် ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com




ဂျပန်တို့၏ မူရင်း
ရှင်တို အာယူဝါဒ (သမင်လက္ခဏာ) နှင့် အသစ်ဝင်လာသော ဗုဒ္ဓ အယူဝါဒမှာ ယှဉ်ပြိုင် တိုက်ခိုက်ခြင်း မရှိဘဲ ရောနှောသွားခဲ့သည့် ပုံ



www.burmeseclassic.com

www.burmeseclassic.com



ရှင်တို့အယူဝါဒအရ နေနတ်သမီး အမတိရာစု ကို ကိုးကွယ်သည် သဘာဝ အံ့ဩစရာ များဖြစ်နေကြ သော
ရေတံခွန် တောင် ပင်လယ်တို့ကိုလည်း မြင့်မြတ်သော အရာများအဖြစ် ကိုးကွယ်သည်။ ဖူဂျီယမ
တောင်တော်ကို အမတိရာစု နတ်သမီး ပျော်စံရာနေရာအဖြစ် အထွက်အပြတ်ကားရှိကြသည်။ ယင်းနေ သော
မီးမှ ဂျပန်ဘုရင်များ ဆင်းသက်လာကြသည်ဟု အယူရှိကြသည်။

www.burmeseclassic.com

www.burmeseclassic.com

ရှင်တိုရဟန်းတော်များ ဘုရားဆောင်တစ်ခုကို ပင့်ဆောင်လာကြစဉ်



A magnetic and anachronistic sight: these Shinto priests (left) are bearing a shrine through the streets of modern Japan.

The entrance to a Shinto shrine is signalled by a large symbolic gate. These torii (below) can be found singly or in a colonnade, as here.



ရှင်တိုကျောင်းတော်သို့ အဝင်ဂိတ်ပေါက်တစ်ခု

www.burmeseclassic.com

www.burmeseclassic.com



ရှင်တိုရဟန်းတော်များ





ဂျပန်နိုင်ငံတွင် ဗုဒ္ဓဘာသာကျောင်းတိုက် ၈၀,၀၀၀ ရှိ၍ ရှင်တိုကျောင်းတိုက် ၁၀၀,၀၀၀ ရှိသည် လူနေအိမ်အများတွင် ရှင်တို KAMIDANA ကမိဒါန ဘုရားဝင်းနှင့် ဗုဒ္ဓဘာသာ BUTSUDAN ဘုဇုဒန် ဘုရားစင်နှစ်ခု အပြိုင်ထားရှိသည့် ဓလေ့ရှိသည်။

ဗုဒ္ဓဘာသာ = အတွေးအခေါ်
ရှင်တိုအယူဝါဒ = ကျင့်စဉ်
အယူဝါဒနှစ်မျိုးစလုံးကို ဂျပန်လူမျိုးအများစုက တစ်ပြိုင်တည်း လက်ခံကျင့်သုံးခဲ့ကြသည်။




www.burmeseclassic.com

www.burmeseclassic.com



ထင်ရှားသော ရှင်ဂိုယာကျောင်းတော်မှ မြင်ကွင်းများ



## ပါရမီဆယ်ပါး

“ပါရမီ” ဟူသည် စိတ်နေစိတ်ထား မြင့်မားသူတို့၏ နိဗ္ဗာန်ကို မျှော်မှန်း၍ ပြုအပ်သော ဒါနမှ သီလမှ စသည်တို့တည်း။

၁။ စွန့်ကြဲပေးကမ်း လှူဒါန်းခြင်းကို ဒါနပါရမီဟု ခေါ်သည်။

၂။ ၅ ပါး ၈ ပါးစသော ဆိုင်ရာသီလများကို စောင့်ထိန်းခြင်းကို သီလပါရမီဟု ခေါ်သည်။

၃။ စည်းစိမ် ချမ်းသာတို့ကို စွန့်ခွာ၍ တောထွက်ခြင်းကို နေက္ခမ္မ ပါရမီဟု ခေါ်သည်။

၄။ အရာရာ၌ တတ်သိနားလည်မှု ရှိခြင်းကို ပညာပါရမီဟု ခေါ်သည်။

၅။ ကုသိုလ်ကိစ္စဟူသမျှ၌ သက်စွန့်ကြိုးပမ်း အားထုတ်ခြင်းကို ဝီရိယပါရမီဟု ခေါ်သည်။

၆။ သူတစ်ပါးက နှိပ်စက်သည်ကို သည်းခံမှုကို ခန္တီပါရမီဟု ခေါ်သည်။

၇။ မှန်ကန်ဖြောင့်မတ်စွာ ပြောဆို ပြုကျင့်မှုကို သစ္စာပါရမီဟု ခေါ်သည်။

၈။ မိမိရည်မှန်းထားသော ကုသိုလ်အမှု၌ စွဲစွဲမြဲမြဲပြုကောင်းမှုကို အဓိဋ္ဌာန်ပါရမီဟု ခေါ်သည်။

၉။ သတ္တဝါတို့အား ချစ်ခင်သဖြင့် ကောင်းကျိုးလိုလားမှုကို မေတ္တာပါရမီဟု ခေါ်သည်။

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com

ရှင်တိုဘုရားကျောင်း နယ်နိုပိက် အနီရောင်ဂိတ်တံခါး။








နာရာမြို့တော် ဘုန်းတော်ကြီးကျောင်း တစ်ကျောင်း၏မြင်ကွင်း
ကျောင်းအဝင်ဝ အနီရောင်ဂိတ်ပေါက်က ရှင်တိုဘုန်းကြီးကျောင်းဖြစ်ကြောင်း သင်္ကေတဖြစ်၏။

www.burmeseclassic.com


www.burmeseclassic.com



အိုင်ယီရာစုဘုရားကျောင်း (နီကိုမြို့)
SHRINE OF IYEYASU
အိုင်ယီရာစု = ရှိုးဂန်းစစ်ခေါင်းဆောင်
ဂျပန်နိုင်ငံ၏ ငြိမ်းချမ်းရေး နှင့် ကြီးပွားရေးကို ဆောင်ရွက်ခဲ့သူအတွက်
အမှတ်တရ ၁၆၁၇ ကယ်ရာန်

www.burmeseclassic.com

www.burmeseclassic.com



ဂျပန်တို့သည် အဆိပ်ပြင်းလှပါသည်ဆိုသည့် ငါးပုတင်း ငါးကိုမှ အရသာခံ စားသောက်တတ်သည်။
ငါးပုပောင်း ကို ရောန်ပောက်များအား ပင့်ဖိတ်ပြီးမျှတ်ဖတ်သရေျှာယ်မြေပြဲပုံ

www.burmeseclassic.com

www.burmeseclassic.com






ဂျပန်တို့သည် တောင်များပေါ်တွင် ဘုရားရှင်များ နေထိုင်ကြသည်ဟု အယူရှိကြသည်။ TATEYAMA OYAMA

www.burmeseclassic.com

www.burmeseclassic.com





ကွမ်ရင်ဘုရားကျောင်း ၁၉ ရာစု

Asakusa Kannon Temple




www.burmeseclassic.com


www.burmeseclassic.com




ကွမ်ရင်ဘဝကို ရောက်ရှိရန် ကြိုးစားရမည့် လမ်း

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

# ဂိုဏ်းကွဲများ



အမိတာဘုရားကြီးအား တမ်းတရွတ်ဖတ်ခြင်းဖြင့် ရရှိမည့် နိဗ္ဗာန်အကြော




www.burmeseclassic.com

www.burmeseclassic.com



ဂျပန်ရှင်ကွန်းဂိုဏ်းကို တည်ထောင်သော KUKAI ရဟန်းတော်နှင့် ပက်သက်သော ပုရပိုက်



www.burmeseclassic.com

www.burmeseclassic.com



ဂျပန်တို့အမြင်အရ ရေးဆွဲထားသော ငရဲကြီးရှစ်ထပ် (၁၁-၁၂ ရာစု ခေတ်ပန်းချီ)

www.burmeseclassic.com

www.burmeseclassic.com

# ဂျပန်နိုင်ငံမှဘုန်းတော်ကြီးများ

ဂျပန်နိုင်ငံ၏ မူလအယူဝါဒသည် တရုတ်ပြည်၌ကဲ့သို့ မဟာယာနဂိုဏ်း ဗုဒ္ဓသာသနာ ဘုရားလောင်းအယူဝါဒ ဖြစ်သည်။ နောက်ဗုဒ္ဓသာသနာတွင် တိုင်းရင်းအယူဝါဒ နတ်များဝင်လာသဖြင့် ရှုပ်ထွေးလာသည်။ ဂိုဏ်းအမျိုးမျိုးလည်း ကွဲလာသည်။ ဂျပန်ဘုန်းကြီးတို့လည်း မိမိတို့ဂိုဏ်းအလိုက် အမျိုးမျိုးဝတ်ဆင်ကြသည်။

ရှေးအဝါက ဂျပန်မဟာယာနဂိုဏ်းသည် သိမ်ဝင်၍ ဥတ်ကမ္မဝါဖြင့် ရဟန်းမပြုသော်လည်း အိမ်ထောင်ပြုခြင်းမရှိကြ။ ဂိုဏ်းအမျိုးမျိုးရှိသည့်အနက် ဂျိုဒိုဂိုဏ်း ဟိုနင်ဆရာတော်ကြီးလက်ထက် သာသနာနှစ် ၁၆၇၇–၁၇၅၆ (ခရစ် ၁၁၃၃–၁၂၁၂) လောက်တွင် ယင်းဆရာတော်ကြီးတပည့် မင်းမျိုးမှ ရဟန်းပြုသော ရှိနင်ဆရာတော်ကလေး အသက် ၃၀ တွင် မင်းမျိုးတစ်စုက ဆရာတော်ကြီးထံ ရှိနင်ဆရာတော်ကလေးအတွက် အိမ်ထောင်ပြုနိုင်သည့်ဂိုဏ်း တည်ထောင်ရန် အကြိမ်ကြိမ် ခွင့်တောင်းသဖြင့် နောက်ဆုံး၌ ခွင့်ရရှိလေသည်။

ထိုအခါ ရှိနင်ဆရာတော်ကလေးသည် ဂျိုဒိုဂိုဏ်းမှခွဲထွက်ကာ ထားမာဟိခေါ် မင်းမျိုးမင်းနွယ် အမျိုးသမီးနှင့် လက်ထပ်ပြီးလျှင် အိမ်ထောင်ပြုနိုင်သော ရှင်ဂိုဏ်းစ၍ တည်ထောင်သည်။ ယင်းဂိုဏ်းသည် လူကြိုက်များ၍ ကြီးပွားလာသည်။ ဂိုဏ်းကို ဆရာတော်ကလေး၏ သားမြေးအဆက်ဆက်တို့ သာသနာပိုင်အဖြစ်ဖြင့် အုပ်ချုပ်လာကြသည်။ နောက်အတန်ကြာသော် ဂျိုဒိုဂိုဏ်းသည်၎င်း၊ အခြားဂိုဏ်းတို့သည်၎င်း၊ အိမ်ထောင်ပြုကြလေသည်။



ဂျပန်နိုင်ငံမှ ဘုန်းတော်ကြီးကျောင်း၊ ဆိတ်ငြိမ်ခြင်း

www.burmeseclassic.com

www.burmeseclassic.com



ဂျပန်နိုင်ငံ ထင်ရှားခဲ့သော ရဟန်းတော် ဝတ်စားဆင်ယင်မှုကို လေ့လာနိုင်ရန်
ဆွမ်းဘုန်းမပေးမီ ဘုရားအာရုံပြုနေကြသော ဂျပန်ဘုန်းကြီးများ



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



ဖိုးဝင်းတောင်ဂူအတွင်း တစ်နေရာ

www.burmeseclassic.com

ဂျပန်သီလရှင်များ



Nun Shozuini making dried boiled rice.



A nun reporting for the morning service. (At the Zuiryuji Nunnery).

www.burmeseclassic.com

www.burmeseclassic.com


*Buddhist monks begin the day with worship. A monk goes from court to court, striking a board rhythmically, spelling out the morning invocation. The bell in the bell-tower is struck, followed by the drum in the drum-tower, and the monks enter the main hall chanting.*

ဗုဒ္ဓဘာသာ ဘုန်းကြီးများ၏အခါက တာဝန်ဝတ္တရားက ဘုရားရှိခိုးခြင်းဖြင့်စသည်



ဂျပန်ဗုဒ္ဓဘာသာ ဘုန်းတော်ကြီးများ


အဓိကတာဝန်က အကြိမ်ကြိမ်ဘုရားရှိခိုးရန် စိတ်နေစိတ်ထားက ဘုရားမကြိုက်သော မကောင်းမှုနှင့် [illegible] မကြားလို မမြင်လို မပြောလိုပါ။



www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com

# ကျိုတို နှင့် နာရာ

ယနေ့ ဂျပန်နိုင်ငံ၏ မြို့တော်မှာ တိုကျို (အရှေ့ပိုင်းမြို့တော်) ဖြစ်သည်။ သို့သော် တိုကျိုမြို့သည် နိုင်ငံ၏မြို့တော်အဆင့်ကို ရောက်ခဲ့သည်မှာ နှစ် ၁၀၀ သာရှိသေးသည်။ ဒုတိယကမ္ဘာစစ်ကြီးအတွင်းက တိုကျိုမြို့တော်မှာ စစ်ကြီး၏ဒဏ်ကို အလူးအလဲခံခဲ့ရသဖြင့် တိုကျိုမြို့တော်တွင် ကြည့်စရာ လေ့လာစရာ ရှေးဟောင်းအဆောက်အဦး အလွန်နည်းပါးသည်။

ဂျပန်နိုင်ငံမှာ ဗုဒ္ဓဘာသာထွန်းကားသောနိုင်ငံ ဖြစ်သည်နှင့်အညီ ဂျပန် ဗုဒ္ဓဘာသာ ယဉ်ကျေးမှု အဆောက်အဦးများကို လေ့လာလိုလျှင် ကျိုတို (ဗဟို မြို့တော်) **KYOTO** မြို့သို့ သွားရမည်ဖြစ်သည်။ ကျိုတိုမြို့သည် သက္ကရာဇ် ၇၉၄ – ၁၈၆၇ ကာလအတွင်း နှစ်ပေါင်း ၁၀၀၀ ကျော် ဂျပန်နိုင်ငံ၏မြို့တော် ဖြစ်ခဲ့သည်။

ရောမမြို့တော် ဂျရုဇလင်မြို့တော်မှာ ကမ္ဘာ့လူသားတို့အတွက် ယဉ်ကျေးမှု တန်ဖိုးကြီးမားသော မြို့များဖြစ်ကြသလို ကျိုတိုမှာလည်း ဗုဒ္ဓဘာသာ ယဉ်ကျေးမှု အမွေအနှစ် ထိန်းသိမ်းရာမြို့တော်ဖြစ်သည်။ သို့ကြောင့် ဒုတိယကမ္ဘာ စစ်ကြီးအတွင်းက ဝနသဟာယနိုင်ငံများက စုပေါင်း၍ ဂျပန်နိုင်ငံကို တိုက်ခိုက်ကြသောအခါ ကျိုတိုမြို့ကို ဗုံးဒဏ် သေနတ်ဒဏ်မှ ကင်းလွတ်ခွင့်ပေးခဲ့သည်။ သို့ကြောင့် ယနေ့ ကျိုတိုမြို့တွင် ရှေးကျသော ဗုဒ္ဓဘာသာအမွေအနှစ်မျိုးစုံကို မြင်တွေ့နိုင်ပါသည်။

ကျိုတိုမြို့သည် တိုကျိုမြို့နှင့် ကျည်ဆန်ကဲ့သို့ လျင်မြန်သော မီးရထားဖြင့် ဆက်သွယ်ထားသည်။ ကျိုတိုတွင် ဗုဒ္ဓဘာသာကျောင်းတော် ၁,၄၀၀ နှင့် ရှင်တိုကျောင်းတော် ၄၀၀ ခန့်ရှိသည်။ နေရာတိုင်းမှာ လှပသော ပန်းခြံများရှိသည်။ အမျိုးသမီးတွေက ညနေခင်းအချိန်တွင် ဂျပန်ရိုးရာဝတ်စုံ ကီမိုနိုကို ဝတ်ဆင်နေကြဆဲ လူဦးရေမှာ ၁၃ သိန်းရှိသည်။

ကျိုတိုသည် ဈင်ဗုဒ္ဓဘာသာ၏ ဌာနချုပ်ဖြစ်သည်ဟုလည်း ဆိုကြသည်။ ကျောင်းကန် ဘုရား ပေါလွန်းသဖြင့် ကျိုတိုမြို့နေ ဂျပန်လူမျိုးတစ်ယောက်ပင်လျှင် သူ၏မြို့တော်မှ ကျောင်းကန်ဘုရားအားလုံးကို ရောက်ဖူးမည်မဟုတ်ပါ။ ဘုရားကျောင်းတို့မှာ ရုတ်တရက်ကြည့်လျှင် ပုံသဏ္ဌာန်တူသယောင်ယောင် ရှိပေမဲ့ ဟစ်ကယ်တမ်း အတွင်းဝင်ကြည့်သည့်အခါ လုံးဝခြားနားနေသည်ကို တွေ့ရပါမည်။

ကျိုတိုမြို့တော်ရောက် ဧည့်သည်အားလုံး ဝင်ရောက်လေ့လာကြသော ဘုရားတို့မှာ

(၁) **33 Arch Temple** အလွန်ကြီးမားသော သစ်သားအဆောက်အဦးအတွင်း ကွမ်နွန် **KANNON** ထိုင်လျက်သားဘုရားရုပ်ထု (မေတ္တာရှင်) ရှိ၏။ အလွန်ကြီးမားသော ဘုရားရုပ်ထုကို စောင့်ရှောက်ရန် ဘုရားပုံတူ ၁,၀၀၀ က အနားမှာရှိသေးသည်။

(၂) **KOFUKUJI** ကျောင်းတော် ၊ ဧည့်သည်တော်များ ငါးအရှင်လွှတ်ကြသော နေရာဌာန


(၃) **DAIBUTSU DEN** အထူးပြုလုပ်ထားသောအပေါက်ထဲကို ဘုရားဖူးများ ဘဝကူးကောင်းစေရန် တိုးဝင်ကြလေ့ရှိသည်။

(၄) **FUDO-SAN** ဘုရားဖူးများက ရေခဲတမျှအေးစက်နေသော ရေတံခွန်အောက်တွင် ရေချိုးကြရသည်။




www.burmeseclassic.com

www.burmeseclassic.com



တိုကျိုမြို့မှ အမြဲတမ်း ထိန်းသိမ်းထားသော ဆိပ်ငြိမ်ဒေသကလေးများ





www.burmeseclassic.com

www.burmeseclassic.com




**KYOTO** is a city of a thousand temples. One of the best known is the Yasaka Pagoda.

၁၉၃၀ ကျိုတိုမြို့တော်မြင်ကွင်း လူနေအိမ်များအကြား ကျောင်းတိုက်ကြီးများ

www.burmeseclassic.com


www.burmeseclassic.com






ကျိုတိုမြို့ အရှေ့တောင်ကုန်းလေးပေါ်ရှိ
ဗုဒ္ဓဘာသာ ဘုန်းကြီးကျောင်း

www.burmeseclassic.com




ကျိုတိုမြို့လည်ရှိ ဘုရင့်နန်းတော်ဟောင်းအတွင်း၌ ခမ်းနားထယ်ဝါသော ဗုဒ္ဓဘာသာဘုရားဆောင်ရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



ဘုရားကျောင်းသို့ မုန့်များအပြေးပူဆောင်
ပသသည့် ဓလေ့ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com

# တိုဒိုင်ဂျီး/ဘုရားကျောင်းတော်

မဟာယာန ဗုဒ္ဓဘာသာဝင်တို့ အထွဋ်အမြတ်ထားသော အဝတန်စက AVATAMSAKA သုတ္တန်ဒေသနာအရ စကြာမုနိဘုရားကို ဝိရောစနဘုရားကြီးဟုလည်း ခေါ်သည်။ ဝိရောစန ဘုရားကြီးသည် စကြာဝဠာတစ်ခွင်လုံး နေရာတကာ၌ ရှိ၏။ ကျေးငှက်များ၏အသံ ပန်းပွင့်များ၏ အရောင်အသွေး ရေများစီးဆင်းစဉ်ဖြစ်ပေါ်လာသော ရေလှိုင်းများ မိုးသားတိမ်လိပ်ပုံသဏ္ဌာန် စသည့် သဘာဝအရ ဖြစ်ပေါ်နေသော အေးမြသာယာစေသည့် အရာဝတ္ထုအားလုံးသည် ဝိရောစန ဘုရားကြီး၏ တရားသံများ ဖြစ်သည်ဟု ဆိုထားသည်။


ဤတရားတော်ကို နာကြားရသော ရှိုမ SHOMV ဧကရာဇ်ဘုရင်သည် ဘုရားကြီးအပေါ် လွန်စွာကြည်ညိုစိတ်ဖြစ်ပေါ်ခဲ့ရာက ကမ္ဘာတစ်ခုလုံး ငြိမ်းချမ်းသာယာစေရေး ကမ္ဘာတစ်ခွင်မှ လူသားအားလုံး ပျော်ရွှင်ကြစေရေးအတွက် ဤဘုရားကြီးကို နိဗ္ဗာန်တမျှ သာယာဖွယ်ကောင်းသော ဘေးပတ်ဝန်းကျင် ပန်းခြံကြီးကိုပါ တွဲဖက် ကိုးကွယ်ခဲ့သည်။

ဤဘုရားကြီးကို တိုဒိုင်ဂျီး (နတ်ပြဟွာ ၄ ပါးက တည်ဆောက်ပေးသော) ဘုရားဟု အမည်တွင်သည်။ မူလက အိန္ဒိယ နှင့် ဂျပန် ဘုန်းတော်ကြီးများ၏ လမ်းညွှန်ချက်အတိုင်း ဘုရင်ကြီးက တည်ပေးခြင်းဖြစ်၏။ ဂျပန်နှင့် ကိုရီးယားလူမျိုး အတတ်ပညာရှင်များ၏ လက်ရာဖြစ်သည်။ ကမ္ဘာ့အကြီးဆုံး ကြေးဆင်းတု ဖြစ်သည်။

ဤဘုရားကျောင်းကြီးမှာ ၁၁၈၀ ခုနှစ်နှင့် ၁၅၆၇ ခုနှစ်များက မီးသင့်ခဲ့သေးသည်။ သို့သော် ထိုခေတ်ဘုရင်များက ချက်ချင်း ပြုပြင်တည်ဆောက်ခဲ့ကြသည်။

ယနေ့ဤဘုရားကြီးမှာ ကမ္ဘာ့အကြီးဆုံး ကြေးဝါရုပ်ပွားတော်ကြီးဖြစ်၍ ဤရုပ်ပွားတော်ထားရှိရာ အဆောက်အဦးကြီးမှာလည်း ရှေးကျသော ကမ္ဘာ့အကြီးဆုံး သစ်သားအဆောက်အဦးအဖြစ် ထင်ရှားပါသည်။

TŌDAI-JI




www.burmeseclassic.com



ဘုရားကြီးကို အထက်မှ ဖူးတွေ့ရပုံ

www.burmeseclassic.com

www.burmeseclassic.com




တိုဒိုင်ဂျီးကျောင်းတော် လေယာဉ်ပေါ်မှ မြင်ကွင်း

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

မြန်မာနိုင်ငံမှ နံရံဆေးပန်းချီကားများ



ရွှေစည်းခုံစေတီတော်သို့ ဆီမီး ၁၀၀၀ အပို့သွားနေကြသော ပြည်သူများ

www.burmeseclassic.com



တိုဒိုင်ဂျီးကျောင်းတော် ပင်မအဆောင်
အလျား ၁၆၅.၅ ပေ အမြင့် ၁၅၆.၆ ပေ အတွင်း၌
ကြေးရုပ်ပွားတော်ရှိ၏။ (ဆေးရောင်စုံ ပုံတော်)

www.burmeseclassic.com
www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com






အစောင့်နတ်မင်းများ





www.burmeseclassic.com

www.burmeseclassic.com



တိုဝိုင်းဂျီဘုရား
ကျောင်းတော်အဟွင်းမှ
ကွမ်ရင် (ကွမ်နွန်) ရုပ်ထု




ကွမ်ရင် (ကွမ်နွန်)
ရုပ်ယု အနီးကပ်မြင်ကွင်း

www.burmeseclassic.com

www.burmeseclassic.com



ကျောင်းတိုက်အတွင်းမှ မီးအိမ်များ





www.burmeseclassic.com

www.burmeseclassic.com

# ပုဂံ–မန္တလေး

## ကျိုတို နာရာ


မြန်မာနိုင်ငံတွင် ပုဂံ မန္တလေးစသည် မြို့ကြီးများမှာ ရှေးဟောင်းမင်းနေပြည်မြို့ကြီးများ ဖြစ်ကြသည်နှင့်အညီ ရှေးဟောင်းစေတီပုထိုးများပေါများသည်။ မြန်မာအနုပညာလက်ရာများကိုလည်း မြင်တွေ့နိုင်ကြပါသည်။

သို့ကြောင့် မြန်မာနိုင်ငံကို အလည်လာရောက်ကြသူတိုင်း ရန်ကုန်မြို့မှ တစ်ဆင့် ပုဂံနှင့်မန္တလေးမြို့များသို့ ရောက်အောင်သွားကြလေ့ရှိသည်။

အလားတူပင် ဂျပန်နိုင်ငံမှာလည်း တိုကျိုမြို့မှာ မြို့တော်ဖြစ်၏။ မြို့တော်မှာ ဒုတိယကမ္ဘာစစ်ကြီးအတွင်းက ကြေညက်အောင် ဖျက်ဆီးခံလိုက်ရသည်။ ဂျပန်နိုင်ငံ၏ အနုပညာလက်ရာများနှင့် ရှေးဟောင်းစေတီပုထိုးများကို ရှေးဟောင်းမြို့တော်များဖြစ်ကြသော ကျိုတိုနှင့် နာရာမြို့များသို့ သွားရောက်လေ့လာကြရပါသည်။


အထူးသဖြင့် ကျိုတိုမြို့ဟောင်းမှာ ရှေးဘုရင်များနန်းစံသည့် သက်တမ်းရှည်ကြာခဲ့သည်။ ရှေးဟောင်းစေတီပုထိုးအများဆုံးတည်ရှိရာနေရာ ဖြစ်၏။ သို့ကြောင့် ဒုတိယကမ္ဘာစစ်ကြီးအတွင်းက အမေရိကန်ဗြိတိသျှတပ်များက ဤမြို့တော်ကို ဗုံးကြဲခြင်းမှ ချမ်းသာပေးခဲ့ကြသည်။ သို့ကြောင့်လည်း မြို့တော်မှာ ရှေးဟောင်းစေတီပုထိုးများကို အပျက်အစီးလုံးဝမရှိပဲ မြင်တွေ့နိုင်ကြပါသည်။

ကျိုတိုမြို့ကို ဂျပန်နိုင်ငံ ဂျပန်မြန်မာချစ်ကြည်ရေးအသင်းက မြန်မာနိုင်ငံမှ မန္တလေးမြို့တော်နှင့် တူညီသည်ဟု ရှင်းလင်းပြောပြလေ့ရှိပါသည်။



ကမ္ဘာ့အကြီးဆုံး ခေါင်းလောင်း ကျိုတိုမြို့

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com



နာရာမြို့ စကြာမုနိရုပ်ပွားတော် **Shaka (*Sakyamuni*) Trinity, Horyuji Temple, Ikaruga, Nara**

www.burmeseclassic.com

www.burmeseclassic.com

# နာရာမြို့တော်

နာရာခေတ် (၇၁၀–၇၈၄)

## **Nara Period** (710–784)

ဤခေတ်တွင် ဂျပန်နိုင်ငံ၏ ရှေးအကျဆုံး ဗုဒ္ဓရုပ်ပွားတော်များကို ထုလုပ်ခဲ့ကြသည်။ တရုတ်ယဉ်ကျေးမှုမကင်း။ နာရာမြို့မှာ ဂျပန်နိုင်ငံ၏ မြို့တော်အဖြစ် တည်ရှိခဲ့သော သက်တမ်းမှာ မရှည်ပါ။ သို့သော် ကျိုတိုမြို့တော်နှင့် နီးကပ်စွာတည်ရှိနေသဖြင့် ကျောင်းကန်ဘုရား စေတီပုထိုး လွန်စွာပေါများ၏။




**Yakushi Nyorai**
***(Bhaisajyaguruvadurya-***

www.burmeseclassic.com

www.burmeseclassic.com





မြင်မိုရ်တောင်နှင့် တောင်စဉ် ခုနစ်ထပ် ၁၉ ရာစု တောင်ငူဘုရား အမရပူရ

www.burmeseclassic.com

www.burmeseclassic.com

နာရာခေတ်က ထုလုပ်ခဲ့သော မရေမတွက်နိုင်အောင်ပေါများသည့် ပုဒ္ဓရုပ်ပွားတော်များ (သစ်သားဖြင့် ထုလုပ်ခဲ့ကြသည်)



www.burmeseclassic.com

www.burmeseclassic.com

## နာရာ

ကျိုတိုမြို့ထက်စောပြီး ဂျပန်နိုင်ငံ၏ မြို့တော်ဖြစ်ခဲ့သော မြို့ဖြစ်၏။ ကျိုတိုနှင့် ၂၅
မိုင်သာဝေးကွာသည်။ ယခုအခါ ကျိုတိုမြို့နှင့် တစ်စပ်တည်း ဖြစ်နေလေပြီ။ ဤမြို့တွင် ကမ္ဘာ့အကြီးဆုံး ဗုဒ္ဓကြေးသွန်းရုပ်ထုရှိ၏။ DAIBUTSU (ဘုရားကြီး) ဟုခေါ်သည်။ ကြေးချိန်တန် ၄၅၀ နှင့် ခရစ်သက္ကရာဇ် ၇၄၉ ခုနှစ်က တည်ဆောက်ခဲ့သဖြင့် ကမ္ဘာ့အံ့ဖွယ်တစ်ပါးဖြစ်သည်။ ဤရုပ်ပွားတော်ကို အလွန့် အလွန်ကြီးမားသော သစ်သားတန်ဆောင်းကြီးဖြင့် မှေမိုးဆောင်းရာသီဒဏ်ကို အကာအကွယ်ပေးထားသည်၊

ဤသစ်သားကျောင်းတော်မှာလည်း ကမ္ဘာ့အံ့ချီးဖွယ်ရာဖြစ်သည်။ ဤသစ်သားကျောင်းကြီးကို ဒုတိယကမ္ဘာစစ်ကြီးအတွင်းက မပျက်စီးရအောင် ဂျပန်တို့က တစ်စစီဖြုတ်ပြီး သိမ်းဆည်းခဲ့ကြသည်၊ စစ်ပြီးကာလကျမှ မူလအတိုင်း ပြန်လည်တပ်ဆင်ခဲ့ကြသည်ဟု သိရသည်။

နာရာမြို့မှာကျော်ကြားသော နေရာတစ်ခုက သမင်ဥယျာဉ်ဖြစ်သည်။ ထောင်ပေါင်းများစွာရှိသော ဆတ်သမင်များကို သဘာဝအတိုင်းလွှတ်ထားသော ပန်းခြံဖြစ်သည်။ သမင်တွေကလည်း ယဉ်ကျေးနေကြပြီး လူများကို လုံးဝပကြောက်ကြချေ။

ဆတ်ကျိုးနများကို လှီးဖြတ်နေသည်ကိုပင် အလှည့်ကျ အလှီးခံကြသည်ကို စာရေးသူ ရောက်သွားစဉ်က မြင်ပျော့မွဲ့ပါသည်။



The massive Daibutsu, or Great Buddha, in Nara



Nara Deer Park




**ဒုလ္လဘတရားငါးပါး**

၁။ ဗုဒ္ဓုပ္ပါဒ ဒုလ္လဘ = ဘုရားဖြစ်ရန်ခဲယဉ်းခြင်း။
၂။ မနုဿတ္တ ဒုလ္လဘ = ဘုရားပွင့်ချိန်၌ လူဖြစ်ရန်ခဲယဉ်းခြင်း။
၃။ သဒ္ဓါသမ္ပတ္တိ ဒုလ္လဘ = သဒ္ဓါတရားနှင့် ပြည့်စုံရန်ခဲယဉ်းခြင်း။
၄။ ပဗ္ဗဇိတ ဒုလ္လဘ = ရဟန်းဖြစ်ရန် ခဲယဉ်းခြင်း။
၅။ သဒ္ဓမ္မဿဝန ဒုလ္လဘ = သူတော်ကောင်းတရားနာကြားရန် ခဲယဉ်းခြင်း။
မြတ်စွာဘုရားသည် ဤဒုလ္လဘတရားငါးပါးကို ဟောကြားလေ့ရှိသည်။
(သီလက္ခန္ဓအဋ္ဌကထာ၊ နှာ၊ ၄၇။)

www.burmeseclassic.com

ရှေးဟောင်းနာရာမြို့ တိုရှိုဒိုင်ဂျီ ကျောင်းတော်မှ ရုပ်ပွားတော်များ



www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com

ထင်ရှားသော ရှင်တိုကျောင်းတော်



www.burmeseclassic.com

www.burmeseclassic.com

# ဂျပန်လူမျိုးတို့၏ ရှင်တို အတွေးအခေါ် အယူအဆများ

ရှေးအစဉ်အလာအရ ဂျပန်လူမျိုးတို့၏ အတွေးအခေါ် အယူအဆမှာ သဘာဝကို ကိုးကွယ်ခြင်း ဖြစ်၏။

သဘာဝအရ လှပတင့်တယ်နေသော မီးတောင် မြစ်ချောင်း အင်းအိုင် ပန်းပွင့်နေသောသစ်ပင် စသည်တို့မှာ ဘုရားများရှိကြသည်။ ဂျပန်နိုင်ငံတွင် ဘုရားတွေ အများကြီးရှိသည်။ ဘုရားတွေက တောတောင်တွေထဲမှာ နေကြသည်။ ဘုရားတွေကြောင့် ပန်းများပွင့်ကြသည်။ သစ်ရွက်ကလေးတွေ လေထဲမှာ လှလှပပလွင့်နေကြသည်။ ပန်းလိပ်ပြာကလေးတွေ သွားလာနေကြသည်။ စသည်ဖြင့် ယူဆကြသည်။

ပြီးတော့ ဂျပန်လူမျိုးတို့သည် ဘုရားသခင်ထံမှ တိုက်ရိုက်ဆင်းသက်လာသူများအဖြစ် ခံယူကြသည်။ အယူသဖြင့် ဂျပန်ဧကရာဇ်ဘုရင်သည် နေနတ်သမီးမှ တိုက်ရိုက်ဆင်းသက်လာသူဖြစ်သည်ဟု ယုံကြည်ကြသည်။ များပိတုန်းတို့သည် များဘုရင်မကို လေးစားကြသလို ခင်ကြသလို ဂျပန်လူမျိုးဟူသမျှသည် ဂျပန်ဘုရင်ကိုလေးစားကြမည် ဟု ယူဆကြသည်။

ဂျပန်တို့၏အယူအဆအရ ဘာသာရေးနှင့် မျိုးချစ်စိတ်ဓါတ်သည် တစ်ခုထဲဖြစ်သည်။ မိမိ၏နိုင်ငံ မိမိ၏လူမျိုးကို ချစ်မြတ်နိုးသောစိတ် ရှိကြရသည်။

ဂျပန်နိုင်ငံကို ဗုဒ္ဓဘာသာအယူဝါဒ ဝင်ရောက်လာသောအခါ ဂျပန်၌ရှိပြီးအယူဝါဒကို ရှင်တိုဘာသာဟု အမည်ပေးလိုက်ကြသည်။ ရှင်တို = ဘုရားများ၏လမ်းစဉ် ဟု အဓိပ္ပါယ်ရသည်။ သို့မှသာ ဗုဒ္ဓ၏အယူဝါဒနှင့် ကွဲပြားမည် ဖြစ်၏။ ဒါပေမဲ့ ဘာသာနှစ်ရပ်မှာ မကြာမီပူးပေါင်းမိသွားကြသည်။ သို့သော် ဂျပန်လူမျိုးတို့၏ အပေါင်းစိတ်ယဉ်၌ ရှင်တိုမပါမရှိကြသည်ဟု ပြောဆိုလေ့ရှိကြသည်။

ရှင်တိုဘုရားကျောင်းများတွင် ရုပ်တုများမရှိကြချေ။ ဘုရား၏ ဝိညာဉ်များသာ ရှိသည်ဟု ယူဆကြသည်။ ဘုရားရုပ်ပွားများကို ရှင်တိုဘုန်းကြီးများပင် မမြင်ဘူးကြချေ။ ဒါပေမဲ့ ဘုရားကျောင်းအတွင်းရှိ သေတ္တာ လှလှကလေးများကို အဝတ်ဖြူဖြင့်ဖုံးပြီး ဘုရားများအတွက် နေရာပေးလေ့ရှိသည်။

ရှေ့တန်းမှာ နိုင်ငံအတွက် အသက်ပေးခဲ့သော သူရဲကောင်းတို့သည် ဤရှင်တိုဘုရားကျောင်းတော်သို့ ဝိညာဉ် ပြန်ရောက်လာသည်ဟု ယူဆကြသည်။ ထို့ကြောင့် ဂျပန်လူမျိုးတို့သည် သူရဲကောင်းဖြစ်ဖို့ အစဉ်ကြိုးစားနေကြပြီး နိုင်ငံအတွက် အသက်ပေးဖို့ ဝန်မလေးကြချေ။

တိုကျိုရှိ အမျိုးသားကာကွယ်ရေး ရှင်တိုဘုရားကျောင်းတော် NATION PROTECTING SHRINE မှာ နိုင်ငံအတွက် ကျဆုံးသူများအားရည်စူးပြီး အယူပြည်မယောက်ယားသော ဘုရားကျောင်းဖြစ်သည်။ အသက်သေဆုံးသည့်အခါ ဝိညာဉ် ဤကျောင်းတော်သို့ရောက်ရအောင် ယောကျ်ားတိုင်းက မျှော်မှန်းကြလေ့ရှိသည်။ စစ်ပွဲထွက်သူအချင်းချင်း နှုတ်ဆက်သည့်အခါတွင်လည်း ငါတို့ဟာ အမျိုးသားကာကွယ်ရေး ရှင်တိုဘုရားကျောင်းတော်မှာ ပြန်လည်တွေ့ဆုံကြရအောင်ဟု နှုတ်ဆက်စကားဆိုလေ့ရှိကြသည်။ ရှင်တို၏ အဓိကအတွေးအခေါ်က နိုင်ငံနှင့် နိုင်ငံအပေါ်အုပ်စိုးသောဘုရင်အတွက် သစ္စာရှိဖို့ လိုအပ်လျှင် အသက်ပေးဖို့ဖြစ်၏။

နိုင်ငံနှင့်လူမျိုးအတွက် အသက်ပေးခြင်းသည် ဘုရားများအတွက် ကျေးဇူးဆပ်ရာရောက်သည်ဟု မြင်ကြသေး၏။ ဒုတိယကမ္ဘာစစ်ကြီးပြီးဆုံးတော့မှ ဂျပန်ဧကရာဇ်ဘုရင်က သူဟာ နေနတ်သမီးက ဆင်းသက်ခဲ့သူ မဟုတ်ပါ။ သာမန်လူတစ်ယောက်သာဖြစ်ပါသည် ဟု နိုင်ငံကို ကြေညာခဲ့သည်။

## ဆန်စပါးကိုစောင့်ရှောက်သော နတ်သမီး (INARI အိုင်နရီ)

အိုင်နရီဘုရားကျောင်းတွေက ဂျပန်တွင်နေရာအနှံ့ရှိသည်။ ဆင်းရဲချမ်းသာမရွေး ဆုတောင်းဖို့လာကြသည်။ ကျိုတိုမြို့အနီးတွင်ရှိသော အိုင်နရီဘုရားကျောင်းမှာ အကြီးကျယ်ဆုံးဖြစ်၏။ မြေခွေးအရုပ်ကြီးများကို ဘုရားကျောင်းတော် အစောင့်များအဖြစ် ထုလုပ်ထားလေ့ရှိသည်။

အိမ်ရှင်မများက မိမိ၏ကံဇာတာကို ဖော်ပြပေးသည့် စာအိတ်များကိုဝယ်ယူလေ့ရှိသည်။ စာထဲ၌ ယခုနှစ် ကံမကောင်းသေးဟုဆိုထားပါက စက္ကူကို ချက်ခြင်းစွန့်ပစ်လိုက်သည်။ အသင့်အတင့်ကောင်းမည်ဟုဆိုပါက စက္ကူစကို အိမ်သို့ယူသွားသည်။ ကံအလွန်ကောင်းလိမ့်မည် ဟု ဆိုထားပါက ကျေးဇူးဆပ်သည့်အယိမ်းအမှုပ်အဖြစ် စက္ကူစကို ဘုရားကျောင်းပင်းအပင်၌ ချည်ထားသည့်မလေ့ ရှိသည်။ အိမ်ရှင်မများဒုက္ခတစ်ခုခုနှင့် ကြုံတွေ့နေရသည့်အခါမျိုးတွင် သူမ ဖြစ်စေလိုသောဆုတောင်းကို စက္ကူပေါ်ရေးပြီး ဘုရားရှေ့တွင်ချထားလေ့ရှိသည်။

www.burmeseclassic.com

www.burmeseclassic.com


ဆိုက်ပျိုးရေးနှင့်ဆက်စပ်နေသော ပွဲတော်များကို ကျင်းပလေ့ရှိသည်။ ဥပမာ- စပါးပေါ်ချိန်တွင် ဘုရားပွဲတော်တို့မှာ မြန်မာပြည်မှာကဲ့သို့ စီးပွါးရေး၊ ပျော်စရာ ဘုရားပွဲများကို ပေါ်များစွာကျင်းပကြသည်။ ရှင်စရာ၊ ဘာသာရေး သုံးမျိုးရောထွေးနေလေ့ရှိသည်။

ချယ်ရီပန်းပွင့်ချိန် မှာပွဲတော်ကျင်းပသလို ဂန္ဓာပန်းပွင့်ချိန်များလည်း ပွဲတော်ရှိ၏။

* မကောင်းတာကိုမကြားရပါ မပြောလိုပါ မမြင်လိုပါ မဖြစ်လိုပါ ဂျပန်တို့၏အယူအဆ
* မိန်းကလေးများအတွက် အရုပ်ပွဲတော်ရှိသည်။
* ယောကျ်ားလေးများအတွက် ပွဲတော်ပွင့် အိမ်မျှော်မှ ပါးပစ်ငါးမျိုးကိုယောင်ပြီး ငှက်များကို သား ယောကျ်ားအရေးအတွက်အရ လွှတ်တင်ထားလေ့ရှိသည်။ ငှက်တို့သည် လေကိုဆန်ပြီးတက်ကြရသကဲ့သို့ ယောကျ်ားတို့မှာလည်း ဘဝကိုရင်ဆိုင်နိုင်စေဖို့ စွမ်းအင်ရှိကြဖို့ သဘောဆောင်သည်။

ဖူဂျီယာမားတောင်တော်မှာ ဂျပန်တိုအထွဋ်အမြတ်ထားရာ တောင်တော်ဖြစ်၍ ဂျပန်လူမျိုးပေါင်းများစွာ တောင်ပေါ်တက်ကြသည်။ တောင်ဖခြေရှိမှု တို့သည် အဖြူရောင်ဝတ်စုံများကို ဆင်မြန်းပြီး နွေရာသီ၌ ဂိတ်စောင့်သမားကိုယ်ကိုပါ သန့်သန့် သော စမ်းရေတွင်း၌ ခြေလက်များကို ဆေးကြောပြီးမှ ရှင်းရှင်းဖြစ်အောင်ပြုပြင်ပြီးမှ တက် လေ့ရှိကြ၏။

* အမိတာဗုဒ္ဓရုပ်ပွားတော်

ယိုကိုဟားမားမြို့ပေါ် အနီးရှိကာမကူရာများကြီးမှာ ဂျပန်ပိုအတွက် စွမ်းအင်၊ သိက္ခာနှင့်အမြဲပမ်း ငြိမ်း ချမ်းရေးတို့အတွက် လမ်းပေးသော ပုံတော်ကို အသေအချာလေ့လာပါ။ ရုပ်ထုမှာဖော်ပြပါစွမ်းပကား အားလုံးနှင့် ပြည့်စုံနေသည်ကို တွေ့ရပါသည်။

## မင်္ဂလာဆောင်

အမျိုးသမီးက အမျိုးသားအပေါ် ပြုစုသည့်တာဝန်ကို ယူကြရသည်။ ရိုသေလေးစားကြရသည့် ရှေး အစဉ်အဆက်ဆက်ကစပြီး ယနေ့တိုင်အောင် ပွဲစားများကတစ်ဆင့် မင်္ဂလာဆောင်လေ့ရှိကြသည်။


မိန်းကလေးတစ်ယောက် အိမ်ထောင်ပြုတော့မည်ဆိုလျှင် မိဘအိမ်မှ အိမ်သားဘဝကစွန့်ခွာပြီး လင်ယောကျ်ား၏အိမ်သူအဖြစ် ပြောင်းလည်းကြရသည်။ သို့ကြောင့် မိဘအိမ်ပေါ်ကဆင်းသောအခါ ဝမ်းနည်းသော အထိမ်းအမှတ်နှင့် အဝတ်ဖြူကိုဝတ်ပြီး ဆင်းကြရသည်။ လိပ်နှင့်ဗျိုင်းရုပ်တို့သည် မင်္ဂလာဆောင်ကို သင်္ကေတပြုသော အရုပ်များ ဖြစ်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com

* ရှင်တိုဘုရားကျောင်း၏ အဝင်ဂိတ်မှာ "တိုရီ" ဟုခေါ်သော အနီရောင်ချယ်ထားသော တိုင်နှစ်တိုင် ကန့်လန့်ဖြတ်သစ်သားနှစ်ချောင်း အမှတ်အသားကို ထားရှိရသည်။




*The grace and simplicity of the torii make it a fit symbol of the Shinto faith.*

ဘုရားကျောင်းအတွင်းမှ ရုပ်ထုများကို အထူးသန့်ရှင်းလှပအောင် ပြင်ဆင်ထားလေ့ရှိသည်။

www.burmeseclassic.com


www.burmeseclassic.com

နေနတ်သမီး၏ ဘုရားကျောင်း (AMATERASY AT ISE အိုင်ဆီမှ [illegible]) သည် အမြင့်မြတ်ဆုံး ဘုရားကျောင်းတော်ဖြစ်သည်။ သစ်ပင်များဝိုင်းရံလျှက်ရှိသော တောထဲမှာ သစ်ပင်ကြီးများအကြား၌ တည်ရှိသော ဘုရားကျောင်းဖြစ်၏။ အေဒီ ၁ ရာစုကတည်းက တည်ရှိသော ဘုရားကျောင်းဖြစ်၏။ ဒါပေမဲ့ အစဉ်အလာအရ ကျောင်းတော်ကို အမြဲတမ်းသစ်လွင်နေရအောင် နှစ် ၂၀ လျှင် တစ်ကြိမ် ဖျက်ပြီး အသစ်ဆောက်လုပ်လေ့ရှိသည်။ ကျောင်းတော်ဟောင်းက သစ်သားစများကိုတော့ အနှာရာယ်ကင်း အဆောင်များအဖြစ် လူတွေက သိမ်းဆီးလေ့ရှိသည်။




နေနတ်သမီးကျောင်းတော်သို့အဝင်လမ်းမှာ တောထဲမှ သစ်ပင်ကြီးများအကြား အထူးပင် သာယာလှပါ သည်။

www.burmeseclassic.com



မြန်မာနိုင်ငံ ပုဂံ မန္တလေးမြို့တော်များနှင့် ပမာပြု၍ရသော ဂျပန်နိုင်ငံ ကျိုတိုနှင့် နာရာမြို့တော်ဟောင်းများမှ စေတီပုထိုးကျောင်းကန်ဘုရား တို့ကို ဆဌမတွဲတွင် ဆက်ရှုပါ။




ဤဘုရားကျောင်းသို့ လာရောက်ကြသော အိမ်ရှင်မတို့သည် ထမင်းအိုးကိုမွှေသော ယောင်း (အရွယ်အမျိုးမျိုး) များကို ဘုရားကျောင်းတော်သို့ လှူဒါန်းလေ့ရှိသည်။

www.burmeseclassic.com

ဂျပန်ရိုးရာအယူအဆအရ အိုင်ဇနာဂျီနှင့် အိုင်ဇနာမီအပည်ရှိ ပုဂ္ဂိုလ်နှစ်ဦးက ကျွန်းများကိုဖန်ထင်းပေးခဲ့ကြသည်။





*In Japan, the Buddhist family shrine is usually in an alcove or wall cupboard, which can be closed. When the mother has made the shrine ready, the morning prayer is said; and again at evening, there is prayer when the candles and lamps are lighted.*

ဂျပန်နိုင်ငံ လူနေအိမ် အဆောက်အဦးအပြင်မှ ဗုဒ္ဓဘာသာဘုရားစင်

ရှင်တိုအယူဝါဒကို ကိုးကွယ်သော ဂျပန်အိမ်တိုင်းမှာ အဖြူရောင်သစ်သားဖြင့် ပြုလုပ်ထားသော ဘုရားစင် ရှိကြသည်။ ဘုရားရုပ်ထု မရှိ။ မိမိမျိုးရိုးအရ အထူးကိုးကွယ်သော ဘုရားများ၏အမည် ရေးထားသော သစ်သားတိုင်ကလေးများသာရှိသည်။ အဆိုပါဘုရားစင်ကို ဝိုင်အရက်၊ ဖယောင်းတိုင်နှ ပန်းများဖြင့် ပသလေ့ရှိသည်။

www.burmeseclassic.com

www.burmeseclassic.com

ဂျပန်နိုင်ငံတွင် ကလေးများကို [illegible] မွေးသည့်အခါ ရှင်တိုဘုရားကျောင်းမှ ဘုန်းကြီးထံ ပြသဖို့သွားကြသည်။ အမည်ပေးမင်္ဂလာပွဲ ပြုလုပ်ကြသည်။ ပြီးတော့ နိုင်ငံကိုချစ်သောသားကောင်းမျိုးပေါ့ ဖြစ်အောင် မွေးမြူကြသည်။



မွေးဖွါးလာသောကလေးငယ်အား ရှင်တိုဘုရားကျောင်း၌ စာရင်းသွင်းကြသော အခန်းအနား



ကလေးများက ဆန် (ထမင်း) ကိုရိုသေကြရအောင် ငယ်စဉ်ကစပြီး လူကြီးမိဘများက သွန်သင်

www.burmeseclassic.com

www.burmeseclassic.com





***For the Boys' Festival a pole is set up outside every house, from which float carp-kites, as many as there are boys in the family. As the carp can swim upstream, the boy who-grows strong and sturdy will overcome all difficulties.***

မတ်လတွင်– ဂျပန်မိန်းကလေးများအတွက် အရုပ်ပွဲတော်ရှိသလို ယောကျ်ားလေးများအတွက်လည်း ငှက်လွှတ်တင်ပေးသည့်ပွဲရှိသည်။ ငှက်ဟူသည် လေဆန်ကိုတက်ရသည်။ ယောကျ်ားလေးတို့သည် ဘဝ၌ အခက်အခဲနှင့် ရင်ဆိုင်ရသည့်အခါ အသင့်ရှိအောင် လမ်းညွှန်းပေးခြင်းဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com

ကဆုကကျောင်းတော်များ ရှင်တို့ဘာသာဝင်များအတွက် အကြီးအကျယ်ဆုံး အခမ်းအနားဆုံး သက်တမ်း အရှည်ဆုံး ကျောင်းတိုက်ဖြစ်၏။

သို့ကြောင့် ဤကျောင်းတော်၏မြင်ကွင်းကို ပြည့်ပြည့်စုံစုံ ဖော်ပြပါသည်။



နာရာမြို့မှ ကျော်ကြားသော
**KASUGA** ကဆုက ဘုရားကျောင်း
(ရှင်တို့) မှ မြင်ကွင်းအချို့

ဗောဓိပင်ဆိုသည်မှာ သစ်ပင်တစ်မျိုးတည်း၏ အမည်မဟုတ်ပေ။ သဗ္ဗညုတဉာဏ် ရရာဌာန သစ်ပင်များကို ဆိုသည်။ ယို့ကြောင့် ဗောဓိပင်သည် ပေါက်ပင်၊ ညောင်ပင် စသည်များမှာ ရှိ၏။ ဘုရားတစ်ဆူနှင့်တစ်ဆူ ပွင့်တော်မူရာ သစ်ပင်ချင်းပတူပေ။ သောဘိတဘုရားရှင်သည် ကံ့ကော်ပင်အောက်တွင် ပွင့်သည်။ ဝိပဿီဘုရားရှင်သည် သခွပ်ပင်အောက်မှာ ပွင့်သည်။ ဂေါတမ ဘုရားရှင်သည် ညောင်ဗုဒ္ဓဟေပင်အောက်၌ ပွင့်သည်။ ယင်းသစ်ပင်များအောက်မှာနေ၍ သဗ္ဗညုတဉာဏ်တော်ကို ရရှိသောကြောင့် ယင်းသစ်ပင်များကို ဗောဓိပင်ဟု ခေါ်သည်။

www.burmeseclassic.com

# ကျင့်စဉ်ဆန်းသည့် ဘာသာရေးဂိုဏ်း

ဂျပန်နိုင်ငံရှိ ဗုဒ္ဓဘာသာ ဂိုဏ်းတစ်ဂိုဏ်းမှ "မာရသွန် ဘုန်းတော်ကြီးများ" အမည်ပေးထားသည့် ဘုန်းတော်ကြီးများသည် ကမ္ဘာပေါ်တွင် အပြင်းထန်ဆုံးဖြစ်သော ခံနိုင်ရွမ်းရည် လေ့ကျင့်စမ်းသပ်ခြင်း လုပ်ငန်းများကို အံ့ဩဖွယ်ရာ လုပ်ဆောင်၍ နေကြသည်။

အဆိုပါ ဘုန်းတော်ကြီးများသည် ခုနစ် နှစ်တာကာလ ရက်ပေါင်း (၁,၀၀၀) အတွင်း မိုင်ပေါင်း ၂၃,၁၈၀ မိုင်မျှ ပြင်းပြင်းထန်ထန် ခရီးကြမ်းသွားလာခဲ့ခြင်းဖြင့် ခန္ဓာကိုယ် ခံနိုင်ရွမ်းရည် လေ့ကျင့်ခြင်းများကို ပြုလုပ်ခဲ့ကြသည်။ ထိုစမ်းသပ်လေ့ကျင့်မှုသည် အလွန်တရာပင်ပန်းပြင်းထန်လွန်းပြီး တာဝေးအပြေးပွဲ (၈၈၆) ပွဲနှင့် ညီမျှသည်ဟုဆိုသည်။ ယိုလေ့ကျင့်ခြင်းမျိုးကို ဒုတိယကမ္ဘာစစ်မဖြစ်မီ နှစ်ပေါင်း (၃၇၅) ကျော်လောက်ကပင် ဘုန်းတော်ကြီး (၃၇) ပါးသာ ပြီးဆုံးအောင် လေ့ကျင့်နိုင်ခဲ့ပြီး ထိုနောက်ပိုင်းတွင် ဘုန်းတော်ကြီး (၁၀) ပါးသာ ထိုလေ့ကျင့်မှုမျိုးကို ပြုလုပ်နိုင်ခဲ့သည်ဟု ဆိုသည်။

ထိုလေ့ကျင့်မှုကို လုပ်ခဲ့သည့် ဘုန်းတော်ကြီးနှစ်ပါးမှာ အစာရေစာ မစားမသောက် အိပ်စက်ခြင်းမရှိဘဲ တောင်ထိပ်ပေါ်မှ ဘုရားကျောင်းဝန်းထဲတွင် ကိုးရက်ကြာ ဆုတောင်းဝတ်ပြုရင်း ပျံလွန်တော်မူခဲ့သည်။

ထိုသို့ ခန္ဓာကိုယ်ကို ပြင်းပြင်းထန်ထန် နှိပ်စက်လေ့ကျင့်သည့် ဗုဒ္ဓဘာသာဂိုဏ်း၏ သက်တမ်းမှာ နှစ်ပေါင်း (၁၁၀၀) မျှရှိပြီဖြစ်သည်။ ထိုဂိုဏ်း၏ကျောင်းတော်မှာ ဂျပန်နိုင်ငံမှ ဟီအေးတောင်ထိပ်ပေါ်တွင် တည်ရှိပြီ ကျောင်း၏အမည်မှာ အင်ရီယာကူ ကျောင်းတော်ဟု ခေါ်သည်။ ထိုဂိုဏ်းဝင် ဘုန်းတော်ကြီးများသည် ထိုကဲ့သို့သော လေ့ကျင့်မှုများ ပြီးစီးအောင်မြင်ပြီးဆိုလျှင် ပိဿာဉ်အပေါင်းမြောက်ပြီဟု ဆိုသည်။

၁။ ကမ္ဘာပေါ်တွင်အပြင်းထန်ဆုံးသော ကျင့်စဉ်ကို လေ့ကျင့်နေကြသည့် ဂျပန်ဘုန်းတော်ကြီးများ။
၂။ ရက်ပေါင်း (၁၀၀၀) လေ့ကျင့်မှု နှစ်ကြိမ်ပြီးပြီဖြစ်သည့် ဘုန်းတော်ကြီး တစ်ပါး၊ နှစ်ပေါင်း (၄၀၀) အတွင်း ဘုန်းတော်ကြီး ၄၇ ပါးသာ ဤသို့ ကျင့်ကြံနိုင်ခဲ့သည်။





**Superhuman 'Marathon Monks' Must Walk 23,180 Miles — Or Die Trying**

www.burmeseclassic.com

www.burmeseclassic.com




KASUGA ကဆုကဘုရားကျောင်းမှ ဘုရားဝတ်ပြုရာကျောင်းတော် ၄ ဆောင် A D ၇၆၈ လက်ရာ



ကဆုက ဘုရားကျောင်း၌ နှစ်စဉ် မတ်လ ၁၃ ရက်နေ့၌ကျင်းပမြဲ ဖြစ်သော ဘုရားပွဲမှ မြင်ကွင်း

www.burmeseclassic.com

www.burmeseclassic.com



ကဆုကကျောင်းတော် (ရှင်တို)
အတွင်းမှ မြင်ကွင်းများ




ကျောင်းတော်အဝင်ဂိတ်မုခ်ဦး

www.burmeseclassic.com

www.burmeseclassic.com



နာရာမြို့မှ ကျော်ကြားသော KASUGA ကဆုက ဘုရားကျောင်း (ရှင်တို) မှ မြင်ကွင်းအချို့












## ကဆုန်ညောင်ရေသွန်းပွဲတော်

ညောင်ဗုဒ္ဓဟေပင်သည် ဂေါတမဘုရားရှင် ဖွားတော်မူသောနေ့၌ပေါက်၍ ဘုရားရှင်နှင့် ဖွားဖက်တော်ဖြစ်သည်။ ယင်းသစ်ပင်အောက်၌ သဗ္ဗညုတဉာဏ်ရတော်မူ၍ ပရိဘောဂစေတီလည်း ထိုက်သည်။ သို့ဖြစ်၍ ဘုရားရှင်လက်ထက်တော်ကပင် ဗောဓိယဂ်ဏဝတ်များပြုကြောင်း ကျမ်းဂန်များတွင် လာရှိသည်။ ထို့ကြောင့် အခြားသစ်ပင်များကို ရေမသွန်းပဲ သဗ္ဗညုတဉာဏ်တော်ရရာ ဗောဓိပင် ညောင်ပင်ကိုသာ ညောင်ရေသွန်းကြခြင်းဖြစ်ပေသည်။ ရှေးရှေးသော သာသနာပြုမင်းများသည် ကဆုန်ညောင်ရေသွန်းပွဲတော်ကို ကျင်းပခဲ့ကြပေသည်။ မြန်မာနိုင်ငံ ဘစ်ဆယ့်နှစ်ရာသီပွဲတော်တွင် ကဆုန်ညောင်ရေသွန်းပွဲတော်သည် တစ်ခုအပါအဝင်ဖြစ်သည်။ ယခုခေတ် ဗုဒ္ဓဘာသာဝင် သူတော်စင်များသည် စဉ်လာမပျက် ကဆုန်ညောင်ရေသွန်းပွဲတော်ကို ဆင်နွှဲလျက်ရှိကြပေသည်။

ကဆုန်ညောင်ရေသွန်းပွဲတော်ကို ကဆုန်လပြည့်နေ့တွင် ကျင်းပကြသည်မှာ ဂေါတမ ဘုရားအလောင်းတော်သည် ကဆုန်လပြည့်နေ့တွင် ဘုရားဖြစ်ရန် နိယတဗျာဒိတ်ခံယူခဲ့ခြင်း၊ မြတ်စွာဘုရားသည် ကဆုန်လပြည့်နေ့တွင် ဖွားမြင်တော်မူခြင်း၊ သဗ္ဗညုတဉာဏ်တော် ရရှိတော်မူခြင်း၊ ပရိနိဗ္ဗာန် စံလွန်တော်မူခြင်းဟူသော ဂေါတမဗုဒ္ဓ၏ ထူးခြားသော နေ့ထူးနေ့မြတ်ဖြစ်သည့်ပြင် ကဆုန်လပြည့်နေ့၌ပင် ဗောဓိညောင်ပင် ပေါက်တော်မူသောကြောင့် ကဆုန်လပြည့်နေ့တွင် ကျင်းပခြင်းဖြစ်ပေသည်။





ကဆုဂကျောင်းတော် (ရှင်တို)
အတွင်းမှ မြင်ကွင်းများ

## ရဟန်းတော်များ စားသုံးသော ဆွမ်းတစ်နပ်


" သုံးဆောင်တဲ့ ဘုန်းကြီးတို့တာဝန်ကလည်း ဒကာ၊ ဒကာမတို့ရဲ့ ဆွမ်းတစ်နပ်ကို သံသရာကြွေး ပာစ်ယပ်မပာင်ရအောင် သဟိယားစားကြရပာယ်။ ပိသုဒ္ဓိမဂ်မှာ မဟာသံဃရက္ခိယ မထေရ်ကြီးဟာ သူ့တူ သာမဏေငယ် ထမင်းကြမ်း အေးစက်စက်ကို စားနေတဲ့အခါမှာ၊ " ဟဲ့ လျှာအပူမလောင်အောင်စားနော်" လို့ သတိပေးတဲ့အကြောင်း ဖတ်ဖူးကြမှာပေါ့။

ဘုရားအလိုတော်ကတော့ ရဟန်းသံဃာများကလည်း မိမိတို့ကို ထောက်ပံ့လှူဒါန်းတဲ့ ပုဂ္ဂိုလ်တွေအကျိုးရှိအောင် ကိုယ်တိုင်လလည်း အကျင့်စရဏနှင့် ပြည့်စုံပြီး (ကောင်းအောင်ကျင့်ပြီး) ဒါယကာ ဒါယိကာမများ ကောင်းဖို့ကိုပါ ညွှန်ကြားကြရတယ်၊ ဒါမှ အလှူရှင်ရော အလှူခံပါ အကျိုးရှိကြပေလိမ့်မယ်"

ထိုဒေသနာမှာ ၁၉၆၄ ခု၊ စက်တင်ဘာလ (၁၈) ရက်၊ သောကြာနေ့ နံနက်တွင် အမရပူရ **မဟာဂန္ဓာရုံကျောင်းတိုက်၌** ဆွမ်းကပ်ရာ ဆရာတော် **အရှင်ဇနကာဘိဝံသ** ကျေးဇူးရှင် ဘုရားက ဆွမ်းအနုမောဒနာပြုတော်မူခြင်း ဖြစ်ပါပေသည်။

www.burmeseclassic.com






ကဆုကကျောင်းတော်အဝင်
မီးထွန်းရန်ကျောက်တိုင်များကို ပြင်တွေ့နိုင်ပါသည်။



www.burmeseclassic.com

ကျောင်းတိုက်အတွင်းမှ
မြင်ကွင်းအချို့







ကလေးများအတွက် အထူးကျင်းပသော ဗုဒ္ဓဘာသာ နွေရာသီသင်တန်း

www.burmeseclassic.com
www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com



ကသုကကျောင်းတော်မှ မြင်ကွင်းအချို့

## ဗုဒ္ဓ – ဘုရား


ပါဠိဝေါဟာရအားဖြင့် ဗုဒ္ဓဟု ခေါ်သည်ဖြစ်စေ၊ မြန်မာဝေါဟာရဖြင့် ဘုရားဟု ခေါ်သည် ဖြစ်စေ၊ ဗုဒ္ဓရှင်တော်ဘုရားကား နတ်ဘုရားမဟုတ်၊ လူသားဘုရားပင်ဖြစ်သည်။ ဤသည်ကား အခြားဘာသာများနှင့် ဗုဒ္ဓဘာသာတို့ ယူဆသည့် ဘုရားဝေါဟာရ ကွာခြားချက်တည်း။

ဗုဒ္ဓသည် တန်ခိုးရှင်ကား မှန်၏။ ဘုန်းတော်အနန္တ၊ ဉာဏ်တော်အနန္တ၊ ကံတော်အနန္တ၊ စကြဝဠာ ကမ္ဘာမြေမိုး ဖြန်းဖြန်းကျိုးမျှ တန်ခိုးတော်အနန္တနှင့် ပြည့်စုံတော်မူသည်ဟု အဆိုရှိသည်။ သို့သော် ဗုဒ္ဓသည် ဖန်ဆင်းရှင်ကားမဟုတ်ပေ။


ဗုဒ္ဓ၏ဝါဒတွင် ငါသည် သတ္တဝါတို့၏ ကောင်းရာရောင်းကြောင်းကို လမ်းပြနိုင်၏။ သို့သော် သတ္တဝါတို့အတွက်ကား မိမိတို့ပြုသော ကံသာလျှင် ကိုးကွယ်ရာရှိသည်ဟု ဆိုပေသည်။ ဤသည်တည်း ဖန်ဆင်းရှင်ဘုရားများ နှင့် ဗုဒ္ဓတို့၏ ကွာခြားချက်တည်း။ ထို့ကြောင့် ဗုဒ္ဓဘာသာဝင်တို့သည် ဘာသာတွေကွဲသောလည်း ဘုရားမှာ တစ်ဆူတည်း အတူတူပါပဲဟု ဆိုသည့် ဝါဒကို လုံးဝလက်မခံပေ။

www.burmeseclassic.com

ခေတ်သစ် ဂျပန်နိုင်ငံ၏ မြို့တော်ဖြစ်၏။
ဒုတိယ ကမ္ဘာစစ်ကြီးအတွင်းက ညက်ညက်ကျေအောင် ဗုံးကျဲဖျက်ဆီးခြင်းခံခဲ့ရ၏။ သို့ကြောင့် မြို့တော်အတွင်း၌ ရှေးဟောင်း စေတီပုထိုးများ ပြစရာကြီးကြီးကျယ်ကျယ်မရှိတော့ချေ။



ဂျပန်ပြည်– တိုကျိုမြို့အနီး
တိုတိုင်းရှိ TODAUI ဘုရားကျောင်းတော် နှင့်ရှင်တိုဘုရားကျောင်း




www.burmeseclassic.com

www.burmeseclassic.com

# ကျိုတိုမြို့တော် ပတ်ဝန်းကျင်မှ အခြားစေတီပုထိုးများ

ကျိုတိုမြို့တွင် ရှေးဟောင်းစေတီပုထိုးများ လွန်စွာပေါများသည်။ ပေါများလွန်းသဖြင့် ကျိုတိုမြို့၌မွေးဖွားပြီး ကျိုတိုမြို့၌ကြီးပြင်းလာသော လူတစ်ယောက်ပင်လျှင်-ကျိုတိုနှင့် (အနီးကပ် တည်ရှိလျက်ရှိသော နာရာမြို့) အတွင်းမှ ဘုရားများကို စေ့စုံစွာမရောက်ဖူးနိုင်ပါဟု အဆိုရှိပါသည်။

ယခုအခန်းတွင် ကျိုတိုမြို့မှ ကျောင်းကန်ဘုရား အချို့၏မြင်ကွင်းကို ဆက်လက်ဖော်ပြပါမည်။




Front view of the Konpon-Chudo building (national treasure) of the Enryakuji Temple, headquarters of the Tendai Sect.

ဂင်ဒိုင်းဂိုဏ်း၌ဒွာနချုပ် အဆောက်အဦး

www.burmeseclassic.com

www.burmeseclassic.com



A bird's-eye view of the Toji Temple which was built in 790. Many famous art objects are contained in this temple.


www.burmeseclassic.com

www.burmeseclassic.com



The interior of the main building of the Chionin Temple, which is the headquarters of the Jodo Sect.


ကျိုတိုမြို့တွင်းမှ ရှေးဟောင်းစေတီပုထိုးများ



The Mieido, main building of the Chionin Temple which is the headquarters of the Jodo Sect. It is designated as one of the important cultural assets.

www.burmeseclassic.com


www.burmeseclassic.com




ကျိုတိုမြို့တွင်းမှ ရှေးဟောင်းစေတီပုထိုးများ၊

www.burmeseclassic.com

www.burmeseclassic.com



*Bhaisajya-guru*, The Buddha as the Great Doctor for the Ills of the World – from Japan



ဗောဓိသတ္တ ဘုရားလောင်းရုပ်တု

www.burmeseclassic.com

www.burmeseclassic.com




ကာမာကုရာခေတ် ၁၁၉၂-၁၃၃၃
ဆာမူရိုင်း စစ်ဘုရင်များ ကြီးစိုးရာခေတ်တွင် ရှေးခေတ်သစ်သားရုပ်ပွားတော်များ အချို့ မီးလောင်ပျက်စီးခဲ့ရာ ကြေးဆင်းတုများဖြင့် အစားထိုးခဲ့သည်။ ကျိုတိုမြို့ ကွမ်နွန်မယ်တော်ကျောင်းတိုက်မှ ရုပ်ပွားတော်များ




www.burmeseclassic.com

www.burmeseclassic.com

ကျိုတိုမြို့ ရှင်တိုဘုရားကျောင်း






▲ Fushimi Inari Shrine




www.burmeseclassic.com

www.burmeseclassic.com



ထင်ရှားသော ရှင်တိုဘုန်းကြီးကျောင်း
ဂျပန်လူမျိုးတို့သည် ဗုဒ္ဓဘာသာနှင့်
ရှင်တိုဘာသာအယူဝါဒများကို
တစ်ပြိုင်တည်း လက်ခံကြသည်။

*Heian Jingu,* one of the most famous Shinto shrines




RYONA JI ဈင်ဗုဒ္ဓဘာသာ၏အသွင်

www.burmeseclassic.com

www.burmeseclassic.com



ကျိုတိုမြို့ ထင်ရှားသော ဘုရားကျောင်း
HEIAN SHRINE



www.burmeseclassic.com

www.burmeseclassic.com



ကျိုတိုမြို့တော်မှ ထင်ရှားကျော်ဇောသော ပွဲတော်သ
ဘာသာရေးနှင့် ရိုးရာဓလေ့ ရောယှက်လျက်
(၁) AOI MATSURI ပွဲကော်
(၂) ကျိုတိုမြို့ – ဂျပန်နိုင်ငံ၏မြို့တော်ဖြစ်ခဲ့သည့်
အထိမ်းအမှတ်ပွဲ



www.burmeseclassic.com


www.burmeseclassic.com



ဂျပန်လူမျိုးတို့သည် ဘုရားပွဲတော်များကို အလွန်နှစ်သက်ကြသည့် ဗုဒ္ဓဘာသာ+ရှင်တိုရိုးရာ ဘုရားအားလုံးမှာ ပွဲတော်များကို မြို့များအလိုက် ကျေးရွာအလိုက် ကျင်းပလေ့ရှိသည်။ ဂျပန်ဘုရားပွဲများမှ မြင်ကွင်း အချို့ကို ဖော်ပြပါသည်။

www.burmeseclassic.com


www.burmeseclassic.com




ဂျပန်နိုင်ငံအလယ်ပိုင်းဒေသမှ ဗုဒ္ဓဘာသာကျောင်းဟုန်ဘုရားများ


www.burmeseclassic.com

www.burmeseclassic.com





定光寺 Jokoji Temp



ဂျပန်နိုင်ငံအလယ်ပိုင်းဒေသမှ
ဗုဒ္ဓဘာသာကျောင်းကန်ဘုရားများ

www.burmeseclassic.com



虎渓山永保寺 Kokeizan Eihoji Temple





www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com



a. YAMA



b. YAMA

ဘုရား - ဘုရားဝင်စားသူများကို စောင့်ရှောက်သော ရင်ဒမ်းနတ်မင်းများ



c. SAMVARA



d. SAMVARA

www.burmeseclassic.com

www.burmeseclassic.com



**The Gods of Northern Buddhism A Getty (1914) Oxford**

အဝလောကိတေသွရ ဘုရားလောင်း၏ကိုယ်ပွား ကွမ်ရင် (ဂျပန် ကွမ်နွန်) မှာလည်း လူအများ ကြည်ညိုလေးစားခြင်း ခံရသော ဘုရားလောင်းရုပ်များ ဖြစ်၏။
ကွမ်ရင် (ကွမ်ရှိရင်) ကို အောက်ပါအတိုင်း ပုံသဏ္ဌာန်အမျိုးမျိုးဖြင့် ထုလုပ်လေ့ရှိကြသည်။

## FORMS OF KWAN-SHĬ-YIN

### TABLE VII

| | | | |
|---|---|---|---|
| Kwan-shï-yin. | I. Two arms. | I. Holds child. With or without acolytes. With or without dragon. | Sung-tsë (feminine). |
| | | II. On lotus holding willow branch or *kalaśa*. Or rolls of prayers. Or hands making *dhyāna mudrā*. | Kwan-yin (feminine). |
| | | III. *a.* Represented on the sea. *b.* Represented on a cloud. | Kwo-hai (feminine). |
| | | IV. Seated on a lion. | Kwan-yin Siṃhanāda (feminine). |
| | | V. Group of eight Kwan-yin (masculine or feminine). | Pa-nán. |
| | | VI. Group of thirty-two Kwan-yin (masculine). | San-shï-rï-siang. |
| | | VII. Kwan-yin with crown of eight heads called 'eight-faced' (masculine). | |
| | II. More than two arms. | I. Kwan-yin with ten arms (feminine). | |
| | | II. Kwan-yin with eighteen arms (masculine). | |
| | | III. 1,000 armed Kwan-yin (masculine or feminine). | |
| | III. | Japanese form: Kwan-non. | |
| | IV. | Legend of Miao Chen. | |
| | V. | Legend of Hāritī. | |



**သင်္ဂါယနာတင်**
ပိဋကတ်တော်များ မပျောက်ပျက်ရအောင် မမှားမယွင်း စုပေါင်းရွတ်ဆိုခြင်း (ထိန်းသိမ်းခြင်းကို သံဂါယနာ ဟုခေါ်သည်)

www.burmeseclassic.com

www.burmeseclassic.com




KWAN-YIN ကမ်ဝင် မယ်တော်ကြီး



www.burmeseclassic.com

www.burmeseclassic.com



*a.* Kwan-yin (Sung-tse)



*b.* Kwan-yin

ကွမ်ရင်မယ်တော် ရုပ်တုများ





*d.* Kwan-yin

www.burmeseclassic.com

www.burmeseclassic.com

# FORMS OF KWAN-NON

ဂျပန်နိုင်ငံ၌ ကွမ်ရင်မှာ ကွမ်နွန်အမည်ဖြင့် ထင်ရှားသည်။ ပုံသဏ္ဌာန် အမျိုးမျိုးရှိကြသည်။

**Kwan-non. One head.**

- I. Two arms.
  - I. Lotus and vase, rosary or 'charity' *mudrā* . — Shō.
  - II. Crown of eleven heads — Ju-ichi-men.
  - III.
    - I. Non-Tantra . . . } Nyo-i-rin.
    - II. Six arms . . . } Nyo-i-rin.
- II. Six or more arms.
  - I. Horse's head, *mudrā* renge-no-in, Tantra symbols . . . . . — Ba-to.
  - II. Sword and banner, *mudrā* renge-no-in, Tantra symbols . . — Juntei (feminine).
  - III. Jizō's staff (*shakujo*), rosary and lasso, lotus and *mudrā* . . — Fukū-kenjaku.
- III. 1,000 arms.
  - I. Tantra and non-Tantra symbols . . . . . — Sen-ju.

**Forms not authorized in the Japanese Buddhist Scriptures.**

- I. Holding a child . . . . . . . . . — Koyasu Kwan-non.
- II. Holding a pomegranate and sometimes a child . . . . . . . — Kishi-mo-jin.
- III. Group of thirty-three feminine Kwan-non.

**နောင်တဆယ်မျိုး**

၁။ အချိန်ရှိခိုက် ငယ်စဉ်က ပညာမသင်ခဲ့မိလေခြင်း

၂။ ဥစ္စာမစုဆောင်းမိခဲ့လေခြင်း

၃။ သူတစ်ပါး၏ အချစ်ကို ဖျက်ဆီးမိခဲ့လေခြင်း

၄။ သူတစ်ပါးအသက်ကို သတ်မိခဲ့လေခြင်း

၅။ သူတစ်ပါးသားမယားကို ပြစ်မှားမိခဲ့လေခြင်း

၆။ ဥစ္စာပစ္စည်းရှိလျက် မလှူမိခဲ့လေခြင်း

၇။ ဆုံးမစကားကို နားမထောင်မိခဲ့လေခြင်း

၈။ မိဘကို မလုပ်ကျွေးမိခဲ့လေခြင်း

၉။ ပညာရှိထံနည်းခံ၍ မသင်ကြားမိခဲ့လေခြင်း

၁၀။ မြတ်သောအကျင့်ကို မကျင့်မိခဲ့လေခြင်း

(ဒွါဒသနိပါတ်၊ ဇနသန္ဓဇာတ်)

www.burmeseclassic.com

www.burmeseclassic.com




လက်ဆောင်း ၁၀၀၀ ရှိသော ကွမ်ရင်(ကင်နွန်) ရုပ်ထု၊ အိုဆာကာမြို့
SENJU - KANNON, OSAKA.

www.burmeseclassic.com


www.burmeseclassic.com





ကနုတ်ပန်း

ဘုရားသုံးဆူ၊ မင်းနံ့သူ၊ ပုဂံ။



နေမိမင်းသားအား နတ်ပြည်သို့ ဆောင်ခန်း

အောင်မြေလောကဘုရား၊ ခင်မွန်ရွာ၊ ချောင်းဦးမြို့နယ်

www.burmeseclassic.com

www.burmeseclassic.com





ကွမ်ရင် (မေတ္တာရှင်) ရုပ်ထုများ၊





www.burmeseclassic.com

www.burmeseclassic.com



*a.* KI-SHI MO-JIN



K[illegible]WAN-NON

ကွမ်နွန် ရုပ်ထုများ



*c.* BA-TO KWAN-NON



*d.* BA-TO KWAN-NON

www.burmeseclassic.com

www.burmeseclassic.com





a. Jizō (Kshitigarbha) ဇီဇို ငရဲကိုစောင့်သော ဇောဓိသတ္တ b. Jizō





www.burmeseclassic.com

www.burmeseclassic.com

# FORMS OF MAÑJUŚRĪ

## TABLE IX

| Form | Group | Description | Name |
|---|---|---|---|
| I. Human form. | I. With sword and book. | I. White (symbols on lotus supports); *vitarka mudrā*. | I. Mañjugosha. |
| | | II. Yellow (symbols on lotus supports); *dharmacakra mudrā*; seated on a lion. | II. Siṃhanāda-Mañjugosha. |
| | | III. Yellow (sword held in the hand); may be *siṃhanāda*. | III. Mañjuśrī. |
| | II. With blue lotus. | I. Yellow (attitude 'royal ease'); on lion throne. | IV. Mahārājalīla-Mañjuśrī. |
| | | II. Yellow (*dharmacakra mudrā*); leg pendent; on lion or lion throne. | V. Mañjuśrī. |
| | | III. Yellow (*dharmacakra mudrā*); legs locked; seated on a lion. | VI. Siṃhanāda-Mañjuśrī. |
| | | IV. White (*dhyāna mudrā*); from *sādhana*. | VII. Dharmaśanka-samādhi-Mañjuśrī. |
| | | V. White (*vara mudrā*); legs locked; from *sādhana*. | VIII. Siddhai-kavīra-Mañjuśrī. |
| | III. With sword and *utpal*. | I. Black or dark blue (kneeling, third eye). | X. Mañjuśrī. |
| II. Tantra forms. | | I. Yellow (one head, four arms); symbols: lotus, book, bow and arrow. | XI. Mañjuśrī Jañānasattva. |
| | | II. Yellow (one head, four to six arms) from *sādhana*. | XII. Vajranāga. |
| | | III. Three or four heads. *a.* Three heads, six arms. | XIII. Mañjuvajra. |
| | | III. Three or four heads. *b.* Three or four heads, six or eight arms. | XIV. Dharmadhātu-vagiśvara. |
| | | IV. Dharmapāla form. | XV. Yamāntaka. |
| | | V. Archaic form with *śakti*. | |

www.burmeseclassic.com

www.burmeseclassic.com



a. Pu-h'ien (Samantabhadra)



b. Wen-shu (Mañjuśri)

မန္တလေးသီရိ  ကွမ်ရင်ဗောဓိသတ္တရုပ်ထုများ



c. Monju (Mañjuśri)



d. Kwan-yin



www.burmeseclassic.com

www.burmeseclassic.com



a Mañjuśrī



b Mañjuśrī

မဉ္ဇုသီရိ ဘုရားလောင်း လူ့ဘဝမှ ဘုရားလောင်းဘဝသို့ ကူးပြောင်းသွားသော [illegible] ဘုရားလောင်း ဖြစ်၏။



Mañjuśrī



d Siṃhanāda Lokeśvara

www.burmeseclassic.com

www.burmeseclassic.com

# အမျိုးသမီး ဘုရားများ (ဝါ) ဘုရားမများ

အိန္ဒိယနိုင်ငံတွင် ဘုရားအများအပြားကို ကိုးကွယ်သည့် အစဉ်အလာ ရှိသည်။ ဘုရားအားလုံးမှာလည်း အတွဲ ဘဝကြင်ဖော်များ ရှိကြသည်။

- ဗြဟ္မာအမည်ရှိ ဘုရားကြီးတွင် ဆရာဝတီ SARASVATI (အတတ်ပညာနှင့် သက်ဆိုင်သော ဘုရားမ တွဲဖက်ရှိ၏)

- VISHAU (ဗိဿနိုး) တွင် အလှနှင့် အချစ်တို့နှင့် သက်ဆိုင်သော လက်ရှမီး အဖော်ရှိ၏။
- သိဝ SIVA တွင် PARVATI ပါရဝတီ (အခြားပုံသဏ္ဌာန်ဖြင့် ကာလီမယ်တော် = သေခြင်းနှင့် သက်ဆိုင်သော) အဖော် ရှိကြ၏၊

ထိုနည်းတူစွာ တန္တရ ဗုဒ္ဓဘာသာ ထွန်းကားရာ တိဗက် မွန်ဂိုးလီးယား စသည်နိုင်ငံများ၌ တာရာ ဘုရားမကို ကိုးကွယ်ကြသည်။ တာရာဘုရားမကို အလောကိတေသရ ဘုရားလောင်း၏ ဇနီး ဘဝဖော်အဖြစ် လက်ခံကြသည်။

တရုတ်နှင့် ဂျပန်နိုင်ငံများကျတော့ ကွမ်ရင် / ကွမ်နွန် မယ်တော်တို့ကို ကိုးကွယ်ကြသည်။ ကွမ်ရင် (ဂျပန်အခေါ် ကွမ်နွန် ကိုတော့ ဘုရား၏ ကိုယ်ပွားအဖြစ်သာ သတ်မှတ်ကြသည်။ နေးမယားအဖြစ် မယူဆကြချေ။ ဗောဓိသတ္တ ဘုရားလောင်းအဆင့်မှာ ထားပြီး ကိုးကွယ်ကြသည်။

ဘုရားမတို့၏ ပုံသဏ္ဌာန် အမျိုးမျိုးရှိကြသဖြင့် သုတေသီများအတွက် မူရင်းအင်္ဂလိပ်ဘာသာဖြင့် ယားကို အောက်တွင် ဖော်ပြပါသည်။

## FEMININE DIVINITIES[1]

### TABLE X

- I. One head.
  - I. Two arms.
    - I. Attributes.
      - I. Green; right foot pendent on lotus support . . . . . Green Tārā.
      - II. White; legs locked . White Tārā.
      - III. Yellow; right foot may be pendent . . . Yellow Tārā.
    - II. Lute . . . . . . . . . . . . . Sarasvatī.
    - III. Lute and white snake . . . . . Āryajangulī.
    - IV. Chopper and skull-cup . . . . Ekajaṭā.
  - II. Four to sixteen arms . . . . . . . . . Cundā.
  - III. Eight arms, sword, wheel, arrow, lotus . . . Ekajaṭā with Tārā.
- II. Several heads.
  - I. One or three heads.
    - I. Two to six arms.
      - I. Draws the bow, dancing . . . . . . Kurukullā.
      - II.
        - I. Angry, red . . Bhṛikuṭī (angry)
        - II. Calm, white . . Bhṛikuṭī (calm).
      - III. Vase, spike of grain . Vasudhārā.
      - IV. Book . . . . . . . Prajñāpāramitā.
    - II. Six to ten arms
      - I. One head, two arms . Mārīcī.
      - II. Three heads, of which one is that of a sow Mārīcī.
  - II. Three heads.
    - I. Six arms . . . . . . . . . Bhṛikuṭī (angry).
    - II. Six or eight arms, apron of leaves . Parṇaśavarī.
    - III.
      - I. Double thunderbolt . . . . Ushṇīshavijayā.
      - II. Two parasols, third eye, sometimes four heads . . . . Sitātapatra.

Ḍākinī
- Vajra-varāhī.
- Na ro-mk'ha-spyod-ma.
- Vajra-ḍākinī.
- Siṃhavaktrā.

The Pañca Dhyāni-Buddha Śakti
- Vajradhātvīśvarī.
- Locanā.
- Māmakī.
- Pāṇḍarā.



www.burmeseclassic.com

www.burmeseclassic.com



a. TĀRA



b. TĀRA (SIṂHANĀDA)

တာရာ (ဘုရားမ) ရုပ်ပွားပုံသဏ္ဍာန် အမျိုးမျိုး





www.burmeseclassic.com

www.burmeseclassic.com





တရုတ်နိုင်ငံ အယူအဆအရ နိဗ္ဗာန်ကိုစောင့်သော ဘုရားမ မာရီစီ

www.burmeseclassic.com

www.burmeseclassic.com



*a.* Mārīcī



*b.* Ushṇīshavijaya

ဗောဓိသတ္တအဆင့်ရှိ ဘုရားမများ အောင်မြင်မှုကို ပေးနိုင်စွမ်းရှိသော ဘုရားမ ဦးခေါင်းသုံးလုံး
လက် ၈ ဖက်နှင့် မျက်လုံးသုံးလုံး ရှိ၏။





www.burmeseclassic.com

www.burmeseclassic.com



a. A Kurukullā



b. Kurukullā

ဘုရားမများ



**မဟာန်းသံဃာဖူးမြင်ရခြင်းအကျိုး**

၁။ ဘဝတစ်ထောင် မျက်စိရောဂါကင်းခြင်း
၂။ ပူပန်မှုငြိမ်းအေးခြင်း
၃။ မျက်စိကြည်လင်၍ ရတနာပိဟာန်ဖွင့်ထားသော ကြာပြားပြူတင်းပေါက်နှင့်တူခြင်း
၄။ ကမ္ဘာတစ်သိန်းပတ်လုံး နတ်စည်းစိမ်ချမ်းသာကိုရခြင်း။

(သုတ္တနိပါတ် ၄၊ ၂၊ ၃၂)

www.burmeseclassic.com

www.burmeseclassic.com

# ဘုရားများကို စောင့်ရှောက်ကာကွယ်ပေးသော နတ်မင်းများ (ရင်ဒမ်း)

## The YIDAM – (GOD PROTECTORS)

လားမားရဟန်းတော်အားလုံးက သူတို့ကိုစောင့်ရှောက်ရန် ရင်ဒမ်း နတ်မင်းတစ်ပါးပါးကို တစ်သက်တာအတွက် တွဲဖက်ထားလေ့ ရှိကြ၏။

ရင်ဒမ်းနတ်မင်းအားလုံးမှာ သူတို့၏ အတွဲ (စနီး) များနှင့်အတူ ရှိကြသည်။

အချို့သော ရင်ဒမ်းနတ်မင်းတို့က ပုတီး ကြာပန်း ရတနာ စသည်တို့ကို လက်မှာကိုင်ထားပြီး စိတ်နှလုံး ပျော့ပြောင်းကြ၏။

အချို့ကျတော့ ဓမ္မပါလနတ်မင်းများကဲ့သို့ ကြမ်းတမ်း၏။ လက်ထဲမှာ လူဦးခေါင်း အရိုးစု စသည်တို့ကို ကိုင်ထားတတ်သည်။

## THE YI-DAM (TUTELARY GODS)[1]

### TABLE XI

| The Yi-dam. | | | |
|---|---|---|---|
| I. Derived from Dhyāni-Buddhas. | I. Vajra at his feet . . . . | | I. Vajrasattva. |
| | II. With *śakti*, holds bell and | *cakra*. | II. Vairocana. |
| | | *vajra*. | III. Akshobhya. |
| | | *cintāmaṇi* | IV. Ratnasambhava. |
| | | *pātra*. | V. Amitābha. |
| | | *viśva-vajra*. | VI. Amoghasiddha. |
| II. Derived from the Bodhisattva Mañjuśrī. | | | VII. Mañjuvajra.[2] |
| III. Derived from Dharmapāla. | Vajrapāṇi. | | VIII. Mahācakra.[3] |
| | Mañjuśrī. | | IX. Yamāntaka. |
| | Kuvera. | | X. Jambala[4] |
| IV. Forms purely Yi-dam. | I. Seven heads, sixteen arms, four legs . . . . . . . | | XI. Hevajra. |
| | II. Less than seven heads. | I. Three heads, six arms . . . | XII. Sang-dui. |
| | | II. Four heads. — I. Four arms. | XIII. Mahāmāyā. |
| | | II. Four heads. — II. Twelve arms. | XIV. Saṃvara. |
| | | | XV. Kālacakra. |

**နှိုင်းယှဉ်ချက်နိတိ**

(က) ငါးပါးသီလပျက်စီးသူသည် အသက်ရှင်ပျက် ယသူမည်၏။
(ခ) အမှိုက်သဖွယ် စွန့်ပစ်အပ်သောသူ မည်၏။
(ဂ) အနံ့မကောင်းသော အကောင်ပုပ်နှင့် တူ၏။
(ဃ) ဦးခေါင်းမရှိသောသူနှင့်တူ၏။



www.burmeseclassic.com

www.burmeseclassic.com




a. Hevajra with his Śakti



b. Hayagrīva

ဘုရား ဘုရားကိုယ်ပွားတို့ကို စောင့်ရှောက်သော ရင်ဒမ်းနတ်မင်းများ (ဇနီးအဖော်များနှင့်)



Hayagrīva with his Śakti



d. Kuvera (Naravāhana) with his Śakti

www.burmeseclassic.com

www.burmeseclassic.com





b. Samvara on the mule of Lhamo
(Lhamo as Sakti ?)



a. Lhamo

HEVAJRA

www.burmeseclassic.com

www.burmeseclassic.com

## ဓမ္မပါလ နတ်မင်းကြီး ရှစ်ပါး

တရားဥပဒေကို စောင့်ရှောက်သူများ ဗုဒ္ဓသာသနာတော်ကို ကာကွယ်ခုခံ တိုက်ခိုက်ပေးမည့် ပုဂ္ဂိုလ်များ

ဒေသပေါ်မူတည်ပြီး ပုံသဏ္ဌာန်အမျိုးမျိုး ထုလုပ်ကြသည်။ သုတေသီများအတွက် မူရင်းအင်္ဂလိပ်ဘာသာဖြင့် ဇယားအချို့ကို အောက်တွင် ဖော်ပြထားပါသည်။

# THE DHARMAPĀLA

(The Eight Terrible Ones). (T.) Drag-ched.[1]

### Table XII

- I. Feminine divinity on a mule . . . . . . . . . . . . . . . . I. Lha-mo.
- II. Masculine divinities.
  - I. One head.
    - I. Two arms.
      - I. Warrior.
        - I. On a horse or dragon . . . II. Ts'angs-pa.
        - II. Stands on a personage . . . III. Beg-ts'e.
      - II. Not a warrior.
        - I. Stands on a bull and woman . . IV. Yama.
        - II. Sometimes on a lion . . . . V. Kuvera.
    - II. Four to six arms.
      - I. Horse's head in head-dress . . VI. Hayagrīva.
      - II. Stands on one or two elephants . VII. Mahākāla.
  - II. More than one head . . . Stands on animals and demons . . VIII. Yamāntaka.

**လောကဓံတရား (၈) ပါး**

၁။ လာဘော = လာဘ်ရခြင်း  ၂။ အလာဘော = လာဘ်မရခြင်း
၃။ ယသော = အခြံအရံများခြင်း  ၄။ အယသော = အခြံအရံနည်းပါးခြင်း
၅။ နိန္ဒာ = ကဲ့ရဲ့ခံရခြင်း  ၆။ ပသံသာ = ချီးမွမ်းခံရခြင်း
၇။ သုခံ = ချမ်းသာခြင်း  ၈။ ဒုက္ခံ = ဆင်းရဲခြင်း

**ဗြဟ္မစိုရ်တရား လေးပါး**

၁။ မေတ္တာ= ချစ်ခင်ခြင်း  ၂။ ကရုဏာ= သနားကြင်နာခြင်း
၃။ မုဒိတာ= ဝမ်းမြောက်ခြင်း  ၄။ ဥပေက္ခာ= ကံတရားအတိုင်း (လျစ်လျူရှုခြင်း)



www.burmeseclassic.com

www.burmeseclassic.com



*a.* Kuvera




*b.* Kuvera

ကုဆလ- ဓမ္မပါလ နတ်မင်းကြီး ရုစ်ပါးမှ တစ်ပါး



Kuvera



*d.* Kuvera

www.burmeseclassic.com

www.burmeseclassic.com



ဝမ္မပါလ နတ်ပင်း (အမည်အတိအကျ မသိရ)

www.burmeseclassic.com

www.burmeseclassic.com

ကုဝေရ ဓမ္မပါလ နတ်မင်းကြီး၏ ကိုယ်ပုံသဏ္ဌာန် အဝေါ်အဝေါ်ကွဲများ

# FORMS OF KUVERA

## Table XIII

| | | |
|---|---|---|
| **Yi-dam.** | **Jambala.** | Special emblem : Jambhara (lemon).<br>Symbols : *nakula* (mongoose).<br>*lai-bumpa* (flat vessel). |
| **Dharmapāla.** | **I. Kuvera.** | Regent of the North.<br>Special emblem : *dhvaja* (flag).<br>Symbol : *nakula*.<br>Dressed like a warrior. |
| | **II. Vaiśravaṇa.** | Symbols : mongoose.<br>trident.<br>*lai-bumpa* or sword, &c. |
| **Tantra (?) form.** | | Five heads, three legs, eight teeth.<br>Mudrā : *vajra-hūṃ-kāra*.<br>Symbols : *vajra* (thunderbolt).<br>*ghaṇṭā* (bell).<br>*grigug* (chopper).<br>*kapāla* (skull-cup) |



**အပါယ်မယားပါး**


ချမ်းသာကင်း၍ ကုသိုလ်ကောင်းမှု ပြုခွင့်မရသောအရပ်ကို အပါယ်ဟုခေါ် သည်။

၁။ ငရဲ = ချမ်းသာသုခ ဝေးကွာ၍ ဒုက္ခအတိပြီးသော ဘုံဌာန၊
၂။ တိရစ္ဆာန် = မဂ်ဖိုလ်မကပ် ထောင့်ဖြတ်မီလာ သွားတတ်သော သတ္တဝါ
၃။ ပြိတ္တာ = ချမ်းသာအပေါင်းမှ ဝေးကွာသောသတ္တဝါ။
၄။ အသုရကာယ် = နတ်များကဲ့သို့ ပရဲရင့် ပတင့်တယ် ပတောက်ပသော သတ္တဝါ။



www.burmeseclassic.com

www.burmeseclassic.com





မဟာကာလ – ဓမ္မပါလ နတ်မင်းကြီး ရှစ်ပါးမှ





www.burmeseclassic.com

www.burmeseclassic.com



ဓမ္မပါလ နတ်မင်းကြီး ရှစ်ပါးမှ တစ်ပါး



## သြကာသနှင့် အဟံဘန္တေ


သြကာသဘုရားရှိခိုးဆိုရိုးသည် ပုဂံခေတ်က ရှင်အရဟံရေးသားချီးမြှင့်သော ဆိုရိုးဖြစ်ကြောင်း အများကပင် လက်ခံယုံကြည်ထားကြသည်၊ သြကာသအဓိပ္ပါယ်နှင့် သမိုင်းကြောင်းကို အတွဲ ၁၅ မြန်မာစွယ်စုံကျမ်းတွင် ရှုပါ၊

အဟံဘန္တေ ဟူသော သီလတောင်းပါဠိကို အင်းဝခေတ် သာလွန်မင်းတရား ပေးပ်ံယံ မားမကျူးဆမျာမပော်ပုပွင်မယာ မော်ဂင်ဗိပ္ပာဆမျာမပော်ကျ ရေးသားခဲ့ ကြောင်း ဆရာစဉ်ဆက် အမိန့်ရှိ၍ သိရသည်။

www.burmeseclassic.com

www.burmeseclassic.com





သာသနာစောင့် ဓမ္မပါလ နတ်မင်းကြီး ရှစ်ပါးမှ အချို့သော ရုပ်ပွားများ





www.burmeseclassic.com

www.burmeseclassic.com



*a* BISHAMON



*b.* LOKAPALA

သာသနာစောင့် ဓမ္မပါလ နတ်မင်းကြီးများ (ဂျပန်နိုင်ငံ)





www.burmeseclassic.com

www.burmeseclassic.com

## ဘုရားငယ်များ

အထက်ဖော်ပြပါ ဘုရားကြီးများ ဗောဓိသတ္တ ဘုရားလောင်းများအပြင် လောကပါလ နတ်မင်းကြီးများ ဘုရင်ကြီးများ နဂါး ဂဠုန် စသည်တို့ကိုလည်း မဟာယာန ဗုဒ္ဓဘာသာဝင်များက ပူဇော်ပသသည့်ဓလေ့ ရှိကြသည်။

ဘာသာရေးမှ ထူးခြားသည့် သမိုင်းဝင်ပုဂ္ဂိုလ်ကြီးများ

အရဟတ် ရဟန္တာများ

မဟာယာန ဗုဒ္ဓသာသနာကို လမ်းညွှန်ပြသသော နာဂအဇ္ဇုန နှင့် အခြား ဗုဒ္ဓဘာသာဂိုဏ်းများကို တည်ထောင်သောပုဂ္ဂိုလ် စသည့်ပုဂ္ဂိုလ်များကို ဆိုလိုသည်။

## MINOR GODS

I. Lokapāla.
II. The Five Kings.
III. The Ni-ō (Ni-wō).
IV. The Citipati.
V. Nāgas and Garuḍas.

## HISTORICAL PERSONAGES DEIFIED

I. Arhat (Lohan, Rakhan).
II. Nāgārjuna.
III. Padmasambhava.
IV. Tson-k'a-pa.
V. Mil-ras-pa.



**ကပ်သုံးပါး**

ပျက်စီးခြင်းကို ပါဠိလို ကပ္ပဟုခေါ်သည်။ မြန်မာလို ကပ်ဟုသုံးနှုန်းသည်။

၁။ ဒုဗ္ဘိက္ခန္တရကပ် = ငတ်မွတ်ဘေးကြောင့်ပျက်စီးခြင်း။
၂။ သတ္ထန္တရကပ် = လက်နက်ဘေးကြောင့် ပျက်စီးခြင်း
၃။ ရောဂန္တရကပ် = ရောဂါဘေးကြောင့်ပျက်စီးခြင်း။

* လောဘကြီးက၊ ငတ်မွတ်ရ၊ ဒုဗ္ဘိက္ခကပ်ကြီးဆိုက်။
* ဒေါသကြီးက၊ သတ်ဖြတ်ကြ၊ သတ္ထကပ်ကြီးဆိုက်။
* မောဟကြီးက၊ ရောဂါထ၊ နာရကပ်ကြီးဆိုက်။

www.burmeseclassic.com



လောကပါလ နဝ်မင်းတစ်ပါး ဂျပန်


www.burmeseclassic.com

www.burmeseclassic.com






ဘုရင်ကြီး ငါးပါး





www.burmeseclassic.com

www.burmeseclassic.com




နဂါးဘုရား

NĀGA GOD. PRINTED MAMORI OR CHARM FROM THE ENKAKUJI TEMPLE, KAMAKURA, J.




www.burmeseclassic.com


www.burmeseclassic.com





နဂါး ဂဠုန် သာသနာစောင့်နတ်များ





www.burmeseclassic.com

www.burmeseclassic.com



a. MILA RASPA



b. TSON-KA-PA (?)

ဂိုဏ်းများကို တည်ထောင်ခဲ့သော ရဟန်းတော်များ






www.burmeseclassic.com


www.burmeseclassic.com



a. Citipati



b. Dharmapala



c. Skull-cup



d. Dainichi Nyorai (Vairocana)

www.burmeseclassic.com

www.burmeseclassic.com



b. PADMAPANI



a. VAIROCANA



c. AMITABHA



d. GAUTAMA BUDDHA



e. TARA




g. MANJUSRI




f. MAHAKALA

www.burmeseclassic.com



ဂျပန်ပြည် ဆိုဒိုဂီ ဝတ်ကျောင်းဆေးရုံ၊ သူငယ်တန်းကျောင်း။
(တန်းမြင့်ကျောင်း၊ အမျိုးသမီးကောလိပ်များ၌ ပူဇော်သော ဆရာ
ဆရာမနှင့် ဆရာဝန်များလုပ်ကိုင်ကြ၏)



ဂျပန်ဝတ်ကျောင်း၊ တကျောင်းသို့ အမြဲတမ်းရွှေလှူရန်
နှင့်လှူဒါန်းထားသော ဆေးဘေးဆိုင်း။



ဒုတိယအကြိမ်စစ်ပြီးနောက် ကမ္ဘာ့ဘုရားသာသနာ ကျွန်းဖြင့် ကျွန်းပေါ်သော
ဂျပန်ပြည် တိုကျိုမြို့ ရှင်ဂိုဟုန်ဂန်ဂျိ ဝတ်ကျောင်းတော်။




www.burmeseclassic.com




ဆောင်းတွင်းအချိန် ဂျပန်လူမျိုးတို့ ဆီးနှင်းခဲဖြင့် ပြုလုပ်သော အရုပ်များအနက် ငရဲကိုစောင့်သော ယမမင်းရုပ်ပုံ။

www.burmeseclassic.com


www.burmeseclassic.com



After seven years of reconstruction, the Todai-ji is once again consecrated.



The suyane, Todai-ji and the Great Buddha of Nara.



During repairs, Todai-ji was covered by the *suvane.*

ရှေးအကျဆုံး သစ်သားကျောင်းဆောင်နှင့် ကြေးဗုဒ္ဓဆင်းတုတော်ကြီးတည်ရှိရာ တိုဒိုင်းဂျီကျောင်းတော်ကြီးကို
ငွေကုန်ကြေးကျအကောင်းဆုံးပြုပြင်ထိန်းသိမ်းလျက်ရှိသည်။

www.burmeseclassic.com

# တောင်းပန်လွှာ

ဤစာအုပ်တွဲကို လူကြီးများသာစိတ်ဝင်စားမည့် စာလေးဖြစ်သဖြင့် အရောင်းအဝယ် ရှိလိမ့်မည် မဟုတ်။ စာအုပ်ထုတ်ဝေရန် ကုန်ကျမှုမှာ ကျပ် ၈၊ ထောင်းနီးပါး ရှိသည်။ သို့ကြောင့် အမြတ်မရလျှင်နေ၊ အရှုံးများများမရှိလျှင် ကျေနပ်ပါပြီဆိုသော ခံယူချက်ဖြင့် ထုတ်ဝေခဲ့ပါသည်။ မူလက ၆ တွဲလောက်နှင့် ပြီးပြတ်လိမ့်မည်ဟု ခန့်မှန်းခဲ့ပါသည်။ သို့သော် လက်တွေ့ ထုတ်ဝေသောအခါ

* စာရေးသူတို့သည် စာပေရေးသားမှုပညာသာ တတ်မြောက်ပြီး ထုတ်ဝေမှုပညာ၌ မကျွမ်းကျင်ခြင်းကြောင့် စာမျက်နှာအရေအတွက် မှန်ကန်အောင် မခန့်မှန်းတတ်ခြင်း၊

* ဓါတ်ပုံအတော်များများကို ထင်ရှားစေလိုသောဆန္ဒဖြင့် ပုံကြီးအရွယ်အတိုင်း ထည့်သွင်းဖော်ပြခဲ့ခြင်း၊

* စာဖတ်ပရိတ်သတ်အတော်များများထံမှ သူတို့ထံ၌ စုဆောင်းထားရှိသော စာအုပ်များ ဓါတ်ပုံများကို စာရေးသူတို့ထံ ပေးပို့ကြခြင်း၊ ငှါးရမ်းကြခြင်း၊

* စာရေးသူတို့ကိုယ်တိုင်က တစ်သက်မှ တစ်ကြိမ်သာ ရေးသားခွင့်ရမည်ဖြစ်သော ဤစာတွဲတွင် ပါရှိသင့်သော ရုပ်ပုံ၊ ဓါတ်ပုံ၊ ပန်းချီအားလုံး ပြည့်ပြည့်စုံစုံပါရှိရအောင် စေတနာဖြင့် ကြိုးစားထည့်သွင်းဖော်ပြမိခြင်း၊

* စာအုပ်မှာ နဂိုမျှော်မှန်းသည်ထက် အားပေးခံရခြင်းတို့ကြောင့်

ဤစာအုပ်တွဲမှာ မူလခန့်မှန်းသည်ထက် များစွာရှည်လျားပေများနေပါလိမ့်မည်။ စာရေးသူတို့ မူလက ကြေညာထားသလို ခြောက်တွဲနှင့် အဆုံးမသတ်နိုင်သည်ကို တောင်းပန်ပါရစေ။

သို့သော်

* စာအုပ်တွဲများတွင် မလိုအပ်သော ရုပ်ပုံ ပန်းချီကားချပ်များ မပါဝင်ရအောင် အထူးသတိပြုထားခြင်း၊

* စာအုပ်တန်ဖိုးကိုလည်း ထုတ်လုပ်သည့်စရိတ် ကြီးမားလာစေကာမူ မူလပုံစံအတိုင်း ထုတ်လုပ်ပြီး ပထမဈေးနှုန်းအတိုင်း ရောင်းချပေးလျှက်ရှိခြင်း၊

* (အချို့သော စာအုပ်များမှာ မြန်မာနိုင်ငံနှင့် နီးစပ်မှုမရှိသဖြင့် စာဖတ်သူများ စိတ်ပါဝင်စားမှု နည်းရာက အရှုံးပေါ်နိုင်ပါသည်။)

* ထို့ကြောင့် စာဖတ်သူတို့ ဆက်လက်အားပေးကြလိမ့်မည်ဟု မျှော်လင့်ပါသည်။

ဤစာအုပ်တွင်ဖော်ပြထားသော ရုပ်ပုံ ဓါတ်ပုံ ပန်းချီကားချပ် အားလုံးလိုလိုမှာ နိုင်ငံတကာ၌ ထုတ်ဝေရောင်းချနေသော စာအုပ်စာတမ်းများ ပြတိုက်များမှ ရောင်းချသော ပို့စကဒ်များ ဖြစ်ကြပါသည်။

မြန်မာနိုင်ငံမှ ရုပ်ပုံ ပန်းချီကားချပ်များကို နိုင်ငံတကာစာနယ်ဇင်းများ၌ ဖော်ပြပြီး ရုပ်ပုံများအပြင် အစိုးရထုတ်စာအုပ်စာတမ်းအချို့မှ ကူးယူဖော်ပြပါသည်။ သက်ဆိုင်ရာပညာရှင်တို့၏ ခွင့်ပြုချက်ရပြီးသော ရုပ်ပုံ ဓါတ်ပုံများလည်း ပါဝင်ပါသည်။ ကျောင်းသန်ပုံများ ပေါပေါအဖွဲ့များက ရောင်းချသော ဓါတ်ပုံများလည်း ပါရှိပါသည်။ အကယ်၍ စာရေးသူတို့ သတိလက်လွတ်ပြီး ခွင့်ပြုချက် မတောင်းမိပဲ အသုံးပြုမိသော ရုပ်ပုံ ဓါတ်ပုံများရှိနေပါက (အချို့မှာ ပိုင်ရှင်လိပ်စာရှာမရသဖြင့် ဤသို့ဖြစ်နိုင်ပါသည်။) စာရေးသူတို့ထံ အကြောင်းကြားပါလျှင် ထိုက်ထိုက်တန်တန် ပြန်လည် ကျေးဇူးဆပ်ပါမည်ဟု အကြောင်းကြားပါသည်။

စာဖတ်သူများကို လေးစားလျက်

ဆရာဝန်တင်ရွှေ + မအေးသိမ်